# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၉၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ ထွန်းလင်း၏။ မင်းသည်ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ဆင်ယင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

**စာမျက်နှာ ၁၆ ကော်လံ ၁** ✭



ကထိန်ခံ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်)

# ကုန်ထုတ်လုပ်မှုနှင့်လူသားအရင်းအမြစ်

စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ကျေးလက်စီးပွားရေးကိုမြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုအောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် ဆန်စပါးအပါအဝင် အခြားသီးနှံများကိုအရည်အသွေးမြင့်မြင့်ဖြင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ကြမည်ဖြစ်သည်။ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင်ဆောင်ရွက်ပြီး ပြည်ပသို့တင်ပို့နိုင်မည် ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းဆီလိုအပ်ချက်ရှိခြင်းကြောင့် ဆီထွက်သီးနှံစိုက်ပျိုးမှုများကို အားပေး ဆောင်ရွက်လျက်ရှိသော်လည်း ပြည်ပမှစားသုံးဆီများကို တင်သွင်းနေရဆဲဖြစ်သည်။ ဆီထွက်သီးနှံနှမ်းနှင့် မြေပဲစိုက်ပျိုးမှုများရှိသော်လည်း မိရိုးဖလာစားသုံးမှုနှင့် ပြည်ပတင်ပို့မှုများကြောင့် ပြည်တွင်းဆီဖူလုံမှုအတွက် လိုအပ်ချက်များရှိနေသေးခြင်းဖြစ်သည်။ နေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး ပြည်ပမှဆီတင်သွင်းမှုများကိုလျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင် ကော်ဖီသည် နှစ်ရှည်သီးနှံဖြစ်ပြီး မြန်မာနိုင်ငံမှထွက်ရှိသည့် အာရေဗီးကား ကော်ဖီသည် ကမ္ဘာပေါ်တွင်နာမည်ကောင်းရရှိပြီးဖြစ်ပြီး ဈေးကွက်ရရှိပြီးဖြစ်သည်။ မြေနိမ့်ကော်ဖီ ရိုဘက် စတာကိုလည်း နိုင်ငံအနှံ့စိုက်ပျိုးနိုင်သည့်အတွက် ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ နှစ်ရှည်ဝင်ငွေရသည့် သီးနှံအဖြစ်စိုက်ပျိုးနိုင်ကြရမည်ဖြစ်သည်။ ငရုတ်ကောင်းကဲ့သို့ ဥယျာဉ်သီးနှံများကိုလည်း စိုက်ပျိုး၍ရရှိနိုင် သည်။ စိုက်ပျိုးတောင်သူများကိုလည်း လိုအပ်သည့်အသိပညာပေးမှုများကို ဆောင်ရွက်ပေးသွားရမည်ဖြစ် သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိမိတို့ဒေသအလိုက်ပိုင်ဆိုင်ထားသည့် အရင်းအမြစ်များကို ကောင်းမွန်အကျိုးရှိစွာအသုံးချနိုင်ရေး လေ့လာဆန်းစစ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် ဒေသအတွက်အကျိုးရှိနိုင်မည့် လုပ်ငန်းရပ်များကိုဆောင်ရွက်သွားနိုင်ရေး ရှုထောင့်ပေါင်းစုံမှကြည့်၍ ဆောင်ရွက်သွားကြရန်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များလုပ်ငန်းညှိနှိုင်းအစည်းအဝေး၌အမှာစကားပြောကြားစဉ် **"နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ နိုင်ငံ့စီးပွားမြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏တစ်ဝက်ကျော်ခန့်သည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် MSME ကုန်ထုတ်လုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ အချို့သော စိုက်ပျိုးရေးလုပ်ငန်းများမှရရှိသည့် စက်မှုကုန်ကြမ်းထွက်ကုန်များဖြင့် MSME လုပ်ငန်းများသာမက စက်မှုကုန်ထုတ်လုပ်ငန်းကြီးများကိုလည်းလုပ်ဆောင်နိုင်ကြောင်း၊ ဥပမာအားဖြင့် ရော်ဘာစိုက်ပျိုးမှုမှ အစပြုသည့် တာယာထုတ်လုပ်ခြင်းကဲ့သို့သော ကုန်ထုတ်စက်မှုလုပ်ငန်းကြီးများ၊ ဝါစိုက်ပျိုးမှုမှအစပြုသည့် ချည်မျှင်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်းကဲ့သို့သော စက်မှုလုပ်ငန်းကြီးများကို ဆောင်ရွက်နိုင်မည်ဖြစ် ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေး ပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများလိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ အသက် ၂၅ နှစ်အထက် လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် ပညာရေးအားနည်းသဖြင့် ပညာရေးကိုအလေးပေးမြှင့်တင်ဆောင်ရွက် သွားရန်မဖြစ်မနေလိုအပ်မည်ဖြစ်သည်။ ပညာရေးအားကောင်းလာမှသာလျှင် လူသားအရင်းအမြစ်ကောင်း များကိုလည်းရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီးအောင်မြင်မှု မရှိခဲ့သည့်ကျောင်းသား၊ကျောင်းသူများ များစွာရှိနေသည်။ ၂၀၂၁ ခုနှစ်မှ ယခုအချိန်အထိကာလအတွင်း၌ပင် တက္ကသိုလ်ဝင်တန်းဖြေဆိုခဲ့ပြီး အောင်မြင်ခြင်းမရှိခဲ့သူ လူဦးရေ ၅ သန်းခန့်ရှိသည်။ ၎င်းတို့အနေဖြင့် နိုင်ငံတော်အတွက်မည်ကဲ့သို့အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ရန်လိုသည့်အတွက် နိုင်ငံတော်အကြီး အကဲအနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာပညာရပ်များအလိုက်လုပ်ငန်းခွင် ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများဖွင့်လှစ်သင်ကြားနိုင်ရေးစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကွန်ပျူတာနှင့်နည်းပညာကိုပေါင်းစပ်ထားသည့် Polytechnic University များကိုဖွင့်လှစ်ဆောင်ရွက် ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ပြီး အကျိုးရလဒ်များကိုတွေ့မြင်ကြရပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့်ပတ်သက်ပါက ရေရှည်အနာဂတ်အကျိုးကိုကြည့်၍ စီမံဆောင်ရွက်ပေးလျက်ရှိသည်။ အများစုအနေဖြင့် အလယ်တန်းအဆင့်တွင်ပင် ပညာရေးဆုံးခန်းတိုင်မှုများလည်းရှိနေသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင်အထက်တန်းကျောင်းများကိုဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက် ခဲ့ပြီး ယခုအချိန်တွင် အောင်မြင်မှုများအထိုက်အလျောက်ရရှိခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုး မွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများမွေးထုတ်ပေးနိုင်ရန် မဖြစ်မနေလိုအပ်မည် ဖြစ်ပေရာ အဆိုပါလိုအပ်ချက်ကို ယခုအခါအောင်မြင်အောင်ဖြည့်ဆည်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၃၉**

**ရက်**

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိ နေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပ မည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## ပင်းတယမြို့၌ စုပေါင်းဘုံကထိန်ပွဲတော်ကျင်းပ

ပင်းတယ အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ ဆူးဗိုလ်ကုန်းရပ်ကွက် ဆူးဗိုလ်ကုန်းပရိယတ္တိစာသင်တိုက်၌ အောက်တိုဘာလ ၂၈ ရက် နံနက်ပိုင်းတွင် စုပေါင်းဘုံကထိန်ပွဲတော်ကျင်းပသည်။

ရှေးဦးစွာ ဆူးဗိုလ်ကုန်းပရိယတ္တိစာသင်တိုက်မှ ဆရာတော်/သံဃာတော်ရဟန်းရှင်သာမဏေများ၊ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များ၊ တက်ရောက်လာကြသူများက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ အရှင်စန္ဒောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အလှူရှင်များက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတနှင့် ဆရာတော်များ၊ ရှင်သာမဏေများအား ကထိန်သင်္ကန်းတော်မြတ်များနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သံဃနာယကဆရာတော်ထံမှ ဩဝါဒကထာနာယူကြပြီး... 

ထို့နောက် မြို့နယ်သံဃနာယကဆရာတော်ထံမှ ဩဝါဒပရိသတ်များက တရားတော်များနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။ (၄၀၅)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၃၀-၁၀-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |


the Myawady Daily မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သော သစ်လွင်သူနာပြု ၁၇၄ ဦးကို ခန့်အပ်တာဝန်ပေး

နေပြည်တော် အောက်တိုဘာ ၂၉

ကျန်းမာရေးဝန်ကြီးဌာနမှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သော သစ်လွင်သူနာပြုများ တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာ အမိန့်စာပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ယခုအလုပ်ခန့်အပ်တာဝန်ပေးအပ်ခံရမည့်သူနာပြုဆရာ/ဆရာမများ အနေဖြင့်နိုင်ငံတော်တာဝန်ကို အုတ်တစ်ချပ် သဲတစ်ပွင့်ထမ်းရွက်ရာတွင် မိမိတို့တာဝန်ကျရာ နေရာဒေသအသီးသီးသို့သွားရောက်၍ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရမည်ဖြစ်ပြီး အရည်အသွေးရောအရည်အချင်းပါပြည့်ဝရုံမျှမက မိမိတို့သူနာပြုဆရာ / ဆရာမများ လိုက်နာရမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကျင့်ကြံကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) အောင်မြင်သူ ၈၄ ဦးနှင့် သူနာပြုတက္ကသိုလ်(မန္တလေး)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သူ ၉၀ ဦး စုစုပေါင်း ၁၇၄ ဦးကိုယ်စား သစ်လွင်သူနာပြုနှစ်ဦးကို ခန့်အပ်တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာ အမိန့်စာများပေးအပ်ပြီး သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာ အမိန့်စာပေးအပ်ပွဲအပြီး သစ်လွင်သူနာပြုများကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက သစ်လွင်သူနာပြုများနှင့်အတူ လန်းဆန်းစာများကို ရင်းနှီးချစ်ခင်စွာ အတူတကွ သုံးဆောင်ကြသည်။




ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလတို့တွင် သူနာပြု ၃,၂၈၇ ဦးတို့ကို သစ်လွင်သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# စက်သုံးဆီတင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် အဖွဲ့အစည်းများသို့ အသိပေးကြေညာချက်

စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်းမှ ထုတ်ယူရရှိသည့် ရေနံစိမ်းများအား ဌာနကြီးကြပ်မှုအောက်ရှိ ရေနံချက်စက်ရုံများတွင် ချက်လုပ်ဖြန့်ဖြူးပေးလျက်ရှိသော်လည်း ပြည်တွင်းထုတ်လုပ်မှုမှာ နိုင်ငံအတွင်း လိုအပ်ချက်၏ ၃ ရာခိုင်နှုန်းခန့်သာရှိသည့်အတွက် ထပ်မံလိုအပ်သည့် စက်သုံးဆီအများစုကို နိုင်ငံခြားငွေဖြင့် ပြည်ပမှ ဝယ်ယူတင်သွင်းရလျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံအတွက်လိုအပ်သည့် စက်သုံးဆီများကို ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ရေးအတွက် ရေနံရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်ခြင်း၊ ရေနံချက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး အစီအမံများချမှတ်၍ အပိုင်းလိုက် အကောင်အထည်ဖော်ခြင်းများဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နေသည့်ကာလများအတွင်း စက်သုံးဆီများကို ပြည်ပမှ ဝယ်ယူတင်သွင်းအသုံးပြုရာ၌ အများပြည်သူသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်မှရာခိုင်နှုန်းတစ်ခု စိုက်ထုတ်ကျခံဆောင်ရွက်ပေးလျက်ရှိသည့်အတွက် မြန်မာနိုင်ငံတွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီဈေးနှုန်းများသည် ဒေသတွင်း အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အထိုက်အလျောက် သက်သာမှုရှိသည်ကို တွေ့မြင်နိုင်သည်။

အာဆီယံ ၁၀ နိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများအခြေအနေ (၂၉-၁၀-၂၀၂၅)

| စဉ် | နိုင်ငံအမည် | ဓာတ်ဆီ (USD/Litre) | ဓာတ်ဆီ (USD/Gallon) | ဓာတ်ဆီ (MMK/Litre) |
|---|---|---|---|---|
| ၁ | Brunei | 0.409 | 1.859 | 1662.254 |
| ၂ | Malaysia | 0.619 | 2.814 | 2515.734 |
| ၃ | Vietnam | 0.766 | 3.482 | 3113.170 |
| ၄ | Indonesia | 0.777 | 3.532 | 3157.876 |
| ၅ | Myanmar | 0.883 | 4.014 | 3588.680 |
| ၆ | Philippines | 1.014 | 4.610 | 4121.089 |
| ၇ | Cambodia | 1.118 | 5.082 | 4543.764 |
| ၈ | Thailand | 1.320 | 6.001 | 5364.731 |
| ၉ | Laos | 1.321 | 6.005 | 5368.795 |
| ၁၀ | Singapore | 2.115 | 9.615 | 8595.762 |

| စဉ် | နိုင်ငံအမည် | ဒီဇယ်ဆီ (USD/Litre) | ဒီဇယ်ဆီ (USD/Gallon) | ဒီဇယ်ဆီ (MMK/Litre) |
|---|---|---|---|---|
| ၁ | Brunei | 0.239 | 1.086 | 971.341 |
| ၂ | Vietnam | 0.686 | 3.119 | 2788.034 |
| ၃ | Malaysia | 0.689 | 3.132 | 2800.227 |
| ၄ | Myanmar | 0.786 | 3.573 | 3194.453 |
| ၅ | Indonesia | 0.860 | 3.910 | 3495.203 |
| ၆ | Laos | 0.891 | 4.050 | 3621.193 |
| ၇ | Philippines | 0.939 | 4.269 | 3816.274 |
| ၈ | Cambodia | 0.944 | 4.291 | 3836.595 |
| ၉ | Thailand | 0.961 | 4.369 | 3905.687 |
| ၁၀ | Singapore | 1.900 | 8.637 | 7721.961 |

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ ပြည်သူလူထုသက်သာချောင်ချိရေးအတွက် စိုက်ထုတ်ဆောင်ရွက်ပေးမှုများအား ပြည်သူလူထုမှ အမှန်တကယ်အကျိုးခံစားခွင့်ရရှိစေရေး၊ ဈေးကွက်အတွင်း ဖြန့်ဖြူးလျက်ရှိသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့်အခြင်အတွယ်ပြည့်မီမှန်ကန်စေရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်အခများ အပြည့်အဝကောက်ခံရရှိရေးနှင့် နိုင်ငံတော်၏စွမ်းအင်လုံခြုံရေးအာမခံချက်ရှိစေရေးတို့အတွက် ကြီးကြပ်ရန်တာဝန်ရှိသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည်။

သို့ဖြစ်ရာ ရေနံထွက်ပစ္စည်းဆိုင်ရာ ဖြည့်ဆည်းမှုကွင်းဆက် (Petroleum Products Supply Chain)အတွင်း စက်သုံးဆီတင်သွင်းမှု၊ သိုလှောင်မှုနှင့်သယ်ယူပို့ဆောင်မှုမှသည် End User များသို့ ဖြန့်ဖြူးမှုအခြေအနေများအား လေ့လာစောင့်ကြည့်ထိန်းသိမ်းနိုင်ရေး၊ ရေနံထွက်ပစ္စည်းများ အရည်အသွေးပြည့်မီမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးဆောင်ရွက်နိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်သုံးဆီဖူလုံမှုရှိစေရေး သိုလှောင်ထားရှိမှု (Stockpiling) အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ (Real Time) စစ်ဆေးကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် National Petroleum Laboratory & Online Monitoring Center ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ သက်ဆိုင်ရာပုဂ္ဂလိကလုပ်ငန်းရှင်နှင့် အဖွဲ့အစည်းများအတွက် အကျပ်အတည်းမဖြစ်စေရန် စီမံကိန်းအားအဆင့်လိုက် အကောင်အထည်ဖော်လိုက်ပါဆောင်ရွက်စေခြင်း၊ အချို့ကိစ္စရပ်များအား ဖြေလျှော့ပေးခြင်းများကိုလည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အဆိုပါ National Petroleum Laboratory & Online Monitoring Center ကို ၂၀၂၅ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိရာ သတ်မှတ်ချိန်အတွင်းပြီးစီးနိုင်ရေး စက်သုံးဆီတင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန်အသိပေးကြေညာအပ်သည်။

**စွမ်းအင်ဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၈၀ | ၂၇၅၀ | ၂၆၈၅ | ၂၇၉၀ | ၂၈၀၅ | ၂၈၂၀ | ၂၇၄၀ | ၄၅၀၅ | ၃၀၃၅ | ၂၇၅၅ | ၂၈၁၅ | ၂၈၃၀ | ၂၇၉၅ | ၂၈၁၅ | ၃၀၇၀ |
| 95 Ron | ၂၇၆၀ | ၂၈၇၅ | ၂၈၄၀ | ၂၇၇၅ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | ၄၅၆၀ | ၃၁၂၅ | ၂၈၅၀ | ၂၉၀၀ | ၂၉၂၀ | ၂၈၈၅ | ၂၉၀၅ | ၃၁၆၅ |
| HSD (500 ppm) | ၂၃၈၀ | ၂၄၉၅ | ၂၄၆၀ | ၂၃၉၅ | ၂၅၀၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၅၀ | - | ၂၇၄၅ | ၂၄၆၅ | ၃၀၅၀ | ၂၅၄၀ | ၂၅၀၅ | ၂၅၂၅ | ၂၇၈၅ |
| HSD (50 ppm) | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၈၃၀ | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |
| HSD (10 ppm) | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | - | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၀၉ | ၂၅၉၃ |
| 95 Ron | ၂၅၉၈ | ၂၆၈၄ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၇၃၂ | ၂၈၁၆ |
| HSD (10 ppm) | ၂၇၃၂ | ၂၈၁၆ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

လူအားလုံးသည် ကျွန်ုပ်တို့၏တို့စ်ကို ထုံးစံအတိုင်း ဝိုင်အရက်ဖြင့် လက်ခံကြသော်လည်း ဝမ်းထဲက ရုတ်တရက်ကြိုက်ချင်မှကြိုက်ပေမည်။ တစ်ယောက်၊ နှစ်ယောက်ကမူ နှစ်သက်သောအမူအရာမျိုးပြကြလေရာ အားလုံးမူကား လေးနက်စွာစဉ်းစားသောမျက်နှာထားမျိုး ဖော်ပြကြသည်ချည်းတွေ့ခဲ့ရပါသည်။ (သခင်ကျော်စိန်အား 'ပါးစပ်'နှင့်နှိုင်း၍ ကျွန်ုပ်ကပြောစဉ် ဥက္ကဋ္ဌလုပ်သူစာရေးဆရာကြီးက "ပါးစပ်မကပါဘူး ခင်ဗျာ။ လော်စပီကာနှင့်တူပါပေတယ်"ဟု ပြောပါသေးသည်။ ဆွေးနွေးပွဲများတွင် သခင်ကျော်စိန်သည် စကားမပြောသည်မရှိ။ ပြောသည်ချည်းတွေ့ခဲ့ရသည်။)

## ရဲဘော်များနှင့်ခွဲခွာခြင်း

နောက်တစ်နေ့ နေ့လယ်တွင် ကျွန်ုပ်တို့သည် မော်စကိုမြို့မှ ဒုတိယအကြိမ်ထွက်ခွာကြလေရာ ကျွန်ုပ်၏ညီနှင့်သားတို့သည် ကျွန်ုပ်တို့ကို လေဆိပ်သို့တိုင်အောင်လိုက်ပို့ကြ၏။ ရဲဘော်နှစ်ယောက်သည် ကျွန်ုပ်တို့အား အာမေးနီးယား၊ ဂျော်ဂျီယာ၊ လီနင်ဂရက် စသောမြို့များသို့ ကျွန်ုပ်တို့နှင့်အတူလိုက်ပါလာခဲ့ကြရာ ဤတစ်ကြိမ်မှာမူ တခြားတိုင်းပြည်တစ်ပြည်သို့ ထွက်ခွာကြမည်ဖြစ်၍ သူတို့ကိုယ်တိုင် လိုက်ပါခွင့်မရှိဘဲ ကျွန်ုပ်တို့အား လေဆိပ်အထိသာ လိုက်ပို့ကြခြင်းဖြစ်လေသည်။ (ကျွန်ုပ်တို့သည် လေယာဉ်စောင့်လျက်ရှိသည်။ မအမာသည် ဂျာမနီပြည်မှ လေယာဉ်နှင့်ဆိုက်ရောက်လာခြင်းအကြောင်းကို အထက်တွင်ဖော်ပြခဲ့ပြီးပါပြီ။ ခွဲခွာခါနီးတွင် ညီနှင့်သားတို့သည် ဝမ်းနည်းသောမျက်နှာထားကို ထင်ရှားစွာဖော်ပြလျက်ရှိရာ ကျွန်ုပ်သည် မအမာအား ရဲဘော်များနှင့်မိတ်ဆက်ပေး၍ အထူးသဖြင့် ညီ၏ဝမ်းနည်းသောမျက်နှာထားကို မအမာကိုယ်တိုင်မြင်နိုင်လောက်ပါသည်။ ညီ၏မျက်နှာကိုမြင်ရသည်တွင် ကျွန်ုပ်၏စိတ်၌ထိခိုက်သည်နှင့် ညီအား တစ်ခါတည်းအပြီးခွဲကြခြင်းမဟုတ်သေးဘဲ တစ်ဖန်ပြန်တွေ့ကြရဦးမည်ဖြစ်သောကြောင့် အလွန်ဝမ်းနည်းစရာမဟုတ်သေးကြောင်းနှင့် အားပေးစကားပြောခဲ့ရပါသေးသည်။)

## ထိတ်လန့်မိသောအပြုအမူ

ဘာလင်မြို့သို့ရောက်ကြ၍ နီဝါဟိုတယ်၌ တည်းခိုလျက်ရှိစဉ် ဂျာမန်ရဲဘော်များသည် ကျွန်ုပ်တို့အား လိုက်ပဇစ်မြို့ပြပွဲကြီးသို့ လိုက်ပို့ရန်စီမံကြလေသည်။ ဆိုရှယ်လစ်နိုင်ငံများမှရဲဘော်များသည် တခြားတိုင်းပြည်များမှ ဖိတ်ခေါ်သည့်ဧည့်သည်တော်များအား ဂရုစိုက်ကြပုံများမှာ အလွန်ကျေးဇူးတင်ဖို့ကောင်းလှသည်။ အစားအသောက် အနေအထိုင်နှင့် လည်ပတ်ကြည့်ရှုရန်အတွက် အလုံးစုံတာဝန်ယူပေးသည့်အပြင် ကျွန်ုပ်တို့လူသုံးယောက်နှင့်အတူ ရဲဘော်နှစ်ယောက်၊ တစ်ခါတစ်ရံ သုံးယောက်မျှ အမြဲထည့်ပေးတတ်ကြသည်။ (ဤသည်ကိုပင် မလိုသူများက 'သူလျှို' အစောင့်ထည့်ပေးထားသည်ဟုပြောကြဦးမည်လောမဆိုနိုင်ပေ။) ဘာလင်သို့ ကျွန်ုပ်တို့ရောက်သည့်ည၌ ဧည့်ခံပွဲလေးတစ်ခုပြုလုပ်၍ ရဲဘော်ရှစ်ယောက်ခန့် လာရောက်ကြသည်။ ၎င်းတို့အနက်တွင် အမျိုးသားလေးယောက်နှင့် အမျိုးသမီးလေးယောက်ခန့်ပါရှိ၏။ အမျိုးသမီးလေးယောက်အနက် ဥပမိရုပ်ကောင်းကောင်းနှင့်အတော်ခံ့ခံ့ဝတ်ထား၍ အသက် ၄၀ ခန့်ရှိသော

**"ဘာလင်မြို့သို့ရောက်ကြ၍ နီဝါဟိုတယ်၌ တည်းခိုလျက်ရှိစဉ် ဂျာမန်ရဲဘော်များသည် ကျွန်ုပ်တို့အား လိုက်ပဇစ်မြို့ပြပွဲကြီးသို့ လိုက်ပို့ရန်စီမံကြလေသည်။ ဆိုရှယ်လစ်နိုင်ငံများမှရဲဘော်များသည် တခြားတိုင်းပြည်များမှ ဖိတ်ခေါ်သည့်ဧည့်သည်တော်များအား ဂရုစိုက်ကြပုံများမှာ အလွန်ကျေးဇူးတင်ဖို့ ကောင်းလှသည် . . ."**

အမျိုးသမီးတစ်ယောက်သည် စားပွဲတွင် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ထိုင်မိကြ၏။ ထိုအမျိုးသမီးက ဂျာမန်လိုပြောသောစကားကို တစ်ယောက်က အင်္ဂလိပ်လိုဘာသာပြန်၍ ပြောရခြင်းကိုကြည့်ခြင်းအားဖြင့် သူတို့ထဲတွင် အကြီးအကဲဖြစ်ဟန်ရှိ၏။ အားလုံးကလည်း ၎င်းအား ရိုသေလေးစားကြပုံရသည်။ စားပွဲ၌ ညစာစားလျက်ရှိကြစဉ် ထိုအမျိုးသမီးနှင့်ကျွန်ုပ်သည် ထုံးစံအတိုင်း မျက်မှန်းတန်းမိကြလေပြီ။ သို့ရာတွင် သူက အင်္ဂလိပ်လိုလည်း ပြောတတ်ဟန်မတူ။ အသေးအဖွဲ့အကြောင်းအရာလေးများကို စကားပြန်နှင့်ပြောဖို့လည်းမသင့်သဖြင့် သူနှင့်ကျွန်ုပ်သည် စကားကမ်းလှမ်းခြင်းမပြုဘဲ စားပွဲတစ်ဖက်တစ်ချက်ထိုင်ကာ ကြည့်ရုံမျှသာကြည့်နေကြ၏။ စားသောက်ပြီးကြ၍ ထိုင်ရာမှထကြသောအခါ ထိုအမျိုးသမီးသည် ကျွန်ုပ်ရှိရာသို့လျှောက်လာ၍ လက်ဆွဲနှုတ်ဆက်ကြရာတွင် ကျွန်ုပ်၏မျက်နှာအနီးသို့ ဆတ်ခနဲငုံ့လိုက်သည်ကို မြင်သည်နှင့် ကျွန်ုပ်မှာ ထိတ်ခနဲဖြစ်သွား၏။ သို့ရာတွင် ကျွန်ုပ်၏နားအနီးသို့ ချဉ်းကပ်ပြီး . . . "ဂွဒ်နိုက် . . . ဂွဒ်နိုက်" ဟု နှစ်ခွန်းတိုင် ခပ်တိုးတိုးနှုတ်ဆက်လေသည်။ သူမ၏ဖြူစင်သောစိတ်နှင့်ပတ်သက်၍ ကျွန်ုပ်ယုံမှားခြင်းမရှိသော်လည်း အပြုအမူကား ထူးဆန်းသည်ဟု ကျွန်ုပ်သတိပြုမိပါသည်။

## အအေးမိခြင်း

မတ်လ ၁၃ ရက်နေ့က ကျွန်ုပ်တို့သည် စကားပြန်အမျိုးသမီးတစ်ယောက်၊ လမ်းပြအမျိုးသားတစ်ယောက်နှင့်အတူ မော်တော်ကားဖြင့် လိုက်ပဇစ်မြို့သို့ထွက်လာကြသည်။ ထိုမြို့တွင် ကျွန်ုပ်တို့လူစုတည်းခိုသော ဟိုတယ်၏အမည်မှာ အဲ့စ်တိုးရီးယားဟိုတယ်ပင်ဖြစ်၏။ သို့ရာတွင် လီနင်ဂရက်မြို့မှ နာမည်တူဟိုတယ်ကြီးကဲ့သို့ ကြီးကျယ်ခမ်းနားသည်တော့မဟုတ်ပါ။ ဟိုတယ်၌ နေ့လယ်စာစားသောက်ကြပြီးနောက် ကျွန်ုပ်တို့သည် ပြပွဲကြီးသို့သွားရောက်ကြည့်ရှုကြ၏။ တိုင်းပြည်ပေါင်း ၈၀ ကျော်မှ ကုန်ပစ္စည်းများလာရောက်ပြသခြင်းဖြစ်၍ တစ်ပြည်လျှင် အဆောက်အအုံကြီးတစ်ခုစီ နေရာယူထားကြသည်ဖြစ်သောကြောင့် ပြပွဲကြီး၏ကြီးကျယ်ခမ်းနားလိုက်ပုံမှာ ပြောဖွယ်ရာမရှိပေ။ သို့ရာတွင် ထိုနေ့မှာ ပြပွဲနောက်ဆုံးနေ့ဖြစ်သည့်အတွက်ကြောင့် စည်ကားသင့်သလောက် မစည်ကားတော့ဟုသိရ၏။ သို့နှင့်လည်း ကြည့်၍ မနိုင်အောင်ရှိပါဘိသည်။ ကျွန်ုပ်တို့သည် အဆောက်အအုံကြီးတစ်ခု၊ နှစ်ခုသို့ဝင်ကြည့်၍ ဝယ်လိုသောပစ္စည်းအနည်းငယ်တွေ့သည်နှင့်မေးကြည့်ရာ လက်လီရောင်းဖို့မဟုတ်ဟုပြောသည်နှင့် ကျွန်ုပ်စိတ်ပျက်ခဲ့လေပြီ။ သို့ဖြစ်၍ ကျွန်ုပ်ဝယ်လိုသောပစ္စည်းဝယ်မရသည့် လူသုံးပစ္စည်းပြပွဲကို ခြေညောင်းခံပြီး လှည့်၍မကြည့်လိုတော့သည်နှင့် အဖော်များအား အကြောင်းကြားကာ မော်တော်ကားပေါ်သို့သွား၍ ထိုင်နေ၏။ တစ်နာရီခန့်ကြာ၍ အဖော်များပြန်မလာကြသေးဘဲရှိရာတွင် ကားပေါ်၌တစိမ့်စိမ့်အေးလျက်ရှိလေပြီ။ (ထိုနေ့မှာ နှင်းများအထူးကျ၍ ချမ်းအေးလှသည်) တစ်နာရီခွဲကြာသော်လည်း ပေါ်မလာကြသေးဘဲရှိရာတွင် ကျွန်ုပ်သည် ဒရိုင်ဘာအား ဟိုတယ်သို့ပြန်ပို့ရန်ပြောပြီး အိပ်ရာထဲ၌ ကွေးနေပါတော့သည်။ သို့နှင့်ပင် ကျွန်ုပ်မှာ အအေးမိသွားခဲ့လေပြီ။ သူတို့ပြန်လာ၍ ကျွန်ုပ်အအေးမိသည်ထင်ကြောင်း ပြောပြသည့်အခါ ရဲဘော်များက သံပရာရည်တစ်ဖန်ခွက်ကို တိုက်ကြသည်။ ကျွန်ုပ်သည်မြန်မာပြည်၌ အအေးမိ၍ အဖျားသွေးရှိစဉ်က အချဉ်ဟူသမျှကိုရှောင်ဖို့ ဆရာဝန်က ပြောဖူးသည်နှင့် သံပရာရည်ကိုကြောက်ကြောက်နှင့် သူတို့တိုက်တွန်း၍သာသောက်လိုက်ရသည်။ နောက်တစ်နေ့၌ မသက်သာသည်နှင့် ဘာလင်သို့ပြန်လာကြသည်။ ဟိုတယ်သို့ရောက်သောအခါ ဆရာဝန်ရောက်လာ၍ ကုသသည်နှင့်သက်သာစပြုလာသော်လည်း နိုင်ငံခြားရေးရုံးမှ ရဲဘော်တစ်ယောက်ရောက်လာ၍ ဆေးရုံသို့ပို့လိုက်ပါသည်။ (ဤသည်မှာ ရဲဘော်များနှင့် ကိုလှကျော်တို့လူစုမရှိခိုက်တွင်ဖြစ်သည်။)

ဆေးရုံသို့ရောက်သောအခါ ကျွန်ုပ်အား ပြုစုစောင့်ရှောက်ကြပုံများမှာ ကျေနပ်ဖွယ်ရာကောင်းလှသောကြောင့် အသေးစိတ်ဖော်ပြလိုပါသေးသည်။ ကျွန်ုပ်သည် နာမကျန်းဖြစ်ခါစ၌ အစာမစားဘဲနေလိုက်လျှင် သက်သာမြဲဖြစ်သည့်အတွက်ကြောင့် အစာမစားဘဲနေရာ ဆရာဝန်က ချမ်းအေးသော သူတို့တိုင်းပြည်များ၌ အအေးမိ၍အစာမစားလျှင် ခွန်အားကုန်ခန်းမည်ကို (အထူးသဖြင့် လူအိုတစ်ယောက်အဖို့ရာ၌) စိုးရိမ်ရသည်ဟုပြောသဖြင့် ကြိုးစား၍ မျိုချရပါသည်။ ကျွန်ုပ်၏အခန်းသို့ ဆရာဝန်လေးတစ်ယောက်၊ မိန်းကလေးနှစ်ယောက်နှင့် အမျိုးသမီးကြီးတစ်ယောက်သည် တစ်လှည့်စီလာကြည့်ကြသည်။ ဆရာဝန်သည် နှစ်ခေါက်လာကြည့်၍ မိန်းကလေးများနှင့် အမျိုးသမီးကြီးမှာမူ မကြာခဏရောက်လာကြသည်။ နှစ်ရက်လောက်ကြာသောအခါ မိန်းကလေးများသည် ကြင်နာမှုတဖြည်းဖြည်းတိုးတက်လာကြပုံရလေရာ အသက် ၅၀ ခန့်ရှိ အမျိုးသမီးကြီးမူကား အကျွမ်းတဝင်ဖြစ်လာရုံသာမက ကြင်နာသောအမူအရာကို ထင်ရှားစွာဖော်ပြလျက်ရှိလေပြီ။ ဒုတိယနေ့တွင် ကျွန်ုပ်သည် ဆရာဝန်က ကြိုးစား၍စားရမည်ဆိုသောကြောင့် ခဲယဉ်းစွာမျိုချပါသော်လည်း တစ်လုတ်တလေထက်ပို၍ မမျိုချနိုင်ဘဲ သူတို့ပို့သောစားစရာမှာ စားပွဲပေါ်၌ နဂိုအတိုင်းရှိနေ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

# မြစ်ကြီးနားမြို့နယ် နမ့်ကွေ့ချောင်းကူးတံတားချဉ်းကပ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး



မြစ်ကြီးနား အောက်တိုဘာ ၂၉

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ်၌ နမ့်ကွေ့ချောင်းကူးတံတားချဉ်းကပ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာလ ၂၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအင်ဂျင်နီယာချုပ်(မြို့ပြ)ဦးလှခိုင်၊ ပြည်နယ်ဦးစီးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိသူများသည် မော်ဖောင်းကျေးရွာအုပ်စုနှင့် နမ့်ကွေ့ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော နမ့်ကွေ့ချောင်းကူးတံတား ချဉ်းကပ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါချဉ်းကပ်လမ်းသည် အရှည် ၁ ဖာလုံ၊ အကျယ် ၁၆ ပေ၊ ထု ၇ လက်မရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုငွေအသုံးပြုကာ မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ယခုနှစ် ဇွန်လတတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ အဆိုပါလမ်းအား အသုံးပြုနေသည့်ကျေးရွာနှစ်ရွာမှ ဒေသခံပြည်သူများ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# တတိယအကြိမ် ယူရေးရှားဒေသ လုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာ အဆင့်မြင့်ညီလာခံသို့ တက်ရောက်လာသည့်နိုင်ငံခြားရေးဝန်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီးခြားစီတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ကျင်းပနေသည့် ယူရေးရှားဒေသ လုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အောက်တိုဘာလ ၂၈ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလက်ဗ်ရော့နှင့်လည်းကောင်း၊ ယနေ့တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဇင် ရူဇင်ကော့ဗ် နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

ရုရှားဖက်ဒရေးရှင်း နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြားဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေရန်အတွက် ဦးစားပေးကဏ္ဍများဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူမှုရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် အခြေခံ၍ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အလားအလာများကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတကာနှင့်ဒေသတွင်းတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရွေးကောက်ပွဲကော်မရှင်နှင့် ဒူးမားလွှတ်တော်တို့မှ လေ့လာသူများ စေလွှတ်သွားရန်ရှိကြောင်းကို ဆွေးနွေးခဲ့ကြသည်။



ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံအစိုးရတို့အကြား နှစ်နိုင်ငံ နိုင်ငံသားများအတွက် အပြန်အလှန်ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ညှိနှိုင်းဆွေးနွေးပွဲအစီအစဉ် ၂၀၂၅-၂၀၂၇ ခုနှစ်တို့ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့တွင် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဇင် ရူဇင်ကော့ဗ် နှင့်တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာသဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင်ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်၍ ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့်တွေ့ဆုံပြီး မိမိတို့ နေထိုင်သည့် ပတ်ဝန်းကျင်၏ ဘာသာစကားလေ့လာသင်ကြားရန်လိုကြောင်း၊ AI အပါအဝင် ခေတ်မီနည်းပညာများကို လေ့လာသင်ယူပြီး ရုံးလုပ်ငန်းတာဝန်များကိုလျင်မြန်ချောမွေ့စွာ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံကို ကိုယ်စားပြုသူများဖြစ်သဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်သွားရန် လိုကြောင်း ပြောကြားခဲ့သည်။

မြဝတီ

# မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တွေ့ဆုံဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂၉

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ယာယီအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လာအိုနိုင်ငံသို့ ရောက်ရှိနေထိုင်လုပ်ကိုင်နေသည့် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (C of I) ထုတ်ပေးနိုင်ရေးနှင့်အဆိုပါလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်းအဖွဲ့ (Working Group) ဖွဲ့စည်းခြင်း၊ လာအိုနိုင်ငံသို့ အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းအစီအစဉ် (SOP) များနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက အသင်းဖြစ်ပေါ်လာပုံနှင့် ဖွဲ့စည်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ယင်းနောက်အဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# မြန်မာ- ကိုရီးယား စီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် လက်ခံတွေ့ဆုံဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂၉

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝါဝါမောင်သည် ကိုရီးယားနိုင်ငံအခြေစိုက် မြန်မာ-ကိုရီးယား စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ Mr. Choi Shin-iL ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) နေပြည်တော်၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းတံတား၊ လျှပ်စစ်မီးစသည့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ကိုရီးယားနိုင်ငံမှ ODA ချေးငွေနှင့် အကူအညီအထောက်အပံ့များ ရရှိခဲ့ကြောင်း၊ ကိုရီးယားနိုင်ငံ၏ ဆယ်မားအူးလ်အွန်ဒုန် (Saemaul Undong) စံပြကျေးရွာဖွံ့ဖြိုးမှုစီမံကိန်းသည် မိမိတို့နိုင်ငံအတွက် လိုက်ပါဆောင်ရွက်နိုင်သည့် ပုံစံကောင်းတစ်ခုဖြစ်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် မိတ်ဆွေဟောင်း နိုင်ငံများနှင့် သာမက မိတ်ဆွေသစ်နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ကိုရီးယားနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုတွင် အဆင့် ၆ နှင့် ကုန်သွယ်မှုတွင် အဆင့် ၉ နေရာတွင်ရှိကြောင်း၊ ခရီးစဉ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် CMP အထည်ချုပ်လုပ်ငန်းများတွင် ကိုရီးယားနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများကို အသိအမှတ်ပြုကြောင်း၊ မြန်မာနိုင်ငံတွင် ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများရှိနေသဖြင့် ကိုရီးယားလုပ်ငန်းရှင်များ အသိုင်းအဝိုင်းလည်း ခိုင်မာစွာတည်ရှိနေပြီဖြစ်ကြောင်း၊ နောက်ထပ်ရင်းနှီးမြှုပ်နှံမှုအသစ်များကိုလည်း ဖိတ်ခေါ်ကြောင်းနှင့် မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းဖြစ်ပေါ်စေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာ-ကိုရီးယား စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ ဥက္ကဋ္ဌဖြစ်သူ Mr. Choi Shin-iL က ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ရန် စိတ်ဝင်စားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရရှိမည့်အကျိုးကျေးဇူးများနှင့် ဥပဒေ၊ နည်းဥပဒေအရ ကူညီပံ့ပိုးပေးမည့် အခြေအနေများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း စိတ်ဝင်စားကြောင်းနှင့် မကြာမီကာလတွင် ကိုရီးယားနိုင်ငံမှ ဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ အပါအဝင်ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

မြန်မာ- ကိုရီးယား စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာသုတေသနအဖွဲ့အစည်းတွင် ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်း၊ Digital X-Ray Detector ထုတ်လုပ်သည့်လုပ်ငန်း၊ စက်ရုံသုံးပန်ကာများ ထုတ်လုပ်သည့်လုပ်ငန်း၊ ဗို့အားမြှင့် ပါဝါ ဝိုင်ယာကြိုး ထုတ်လုပ်သည့်လုပ်ငန်း၊ ဆက်သွယ်ရေးကိရိယာနှင့် ကွန်ရက်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်း၊ Screen-Golf လုပ်ငန်းနှင့် ဘိလပ်မြေထုတ်လုပ်သည့်လုပ်ငန်းစသည့် ကဏ္ဍများမှ ကုမ္ပဏီကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြောင်းသိရသည်။ မြဝတီ

# ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် GAVI အဖွဲ့နှင့် WHO၊ UNICEF အဖွဲ့တို့မှ တာဝန်ရှိသူများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းအား လာရောက်တွေ့ဆုံ

နေပြည်တော်　အောက်တိုဘာ ၂၉

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် (Global Alliance for Vaccine and Immunization– GAVI) မှ Senior Country Manager၊ Mr. Ricard Lacort Monte ဦးဆောင်သောအဖွဲ့နှင့် ရန်ကုန်မြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့မှ တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းအား နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအနေဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ခဲ့သည့် ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်၊ နောင်ချိုမြို့နယ်တို့ကို နိုင်ငံတော်မှ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပြီး ပြည်သူလူထုအား အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများဆောလျင်စွာဆောင်ရွက်ခြင်း၊ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ Catch–up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ အသက် ၁၅ နှစ်အောက်ကလေးများကို အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း (Special Immunization Activities) တို့ကိုလည်း အထူးဦးစားပေးလုပ်ငန်းများအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မန္တလေးငလျင်ကြီးဖြစ်ပွားပြီးနောက်ပိုင်းတွင်လည်း ငလျင်ဘေးသင့်ဒေသများနှင့် တစ်နိုင်ငံလုံးတွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ၊ ကပ်ရောဂါအသွင်ဖြစ်ပွားမှု (လုံးဝ) မရှိခဲ့ကြောင်း၊ တစ်နိုင်ငံလုံးရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များကို လိုအပ်သောကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် အရေးကြီးလုပ်ငန်းတစ်ရပ်အနေဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွှယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော GAVI၊ WHO၊ UNICEF အဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကူညီပံ့ပိုးပေးခဲ့မှုများအတွက်လည်း ကျေးဇူးတင်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးဆောင်သော ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ GAVI၊ WHO၊ UNICEF အဖွဲ့မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံတွင် ဆက်လက်ဆောင်ရွက်မည့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ၊ Gavi 6.0 ရန်ပုံငွေလျှောက်ထားခြင်းဆိုင်ရာ ကိစ္စရပ်များအပါအဝင် ဆက်လက်ဆောင်ရွက်မည့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် GAVI နှင့် WHO၊ UNICEF တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။　မြဝတီ

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ကျင်းပသည့် (၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်လက်တွေ့အသုံးချညီလာခံသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ တက်ရောက်

နေပြည်တော်　အောက်တိုဘာ ၂၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ အောက်တိုဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် (၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်လက်တွေ့အသုံးချညီလာခံသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ညီလာခံကို ဒစ်ဂျစ်တယ်ခေတ်တွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အပါအဝင် ကမ္ဘာ့နိုင်ငံနှင့်အဖွဲ့အစည်း ၆၀ ကျော်မှ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ညီလာခံဖွင့်ပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ Mr. Vladimir Putin က ပေးပို့သော ကြိုဆိုနှုတ်ဆက်မိန့်ခွန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရုံးအကြီးအကဲက ဖတ်ကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ Mr. Viacheslav Volodin နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Sergey Lavrov တို့၏ ကိုယ်စားကြိုဆိုနှုတ်ဆက်စကားများကို သက်ဆိုင်ရာဌာနအကြီးအကဲများတက်ရောက်ပြောကြားကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ဥက္ကဋ္ဌဖြစ်သူ Prof. Tatiana Moskalkova က အဖွင့်အမှာစကားပြောကြားသည်။

ညီလာခံတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးများ ဖော်ဆောင်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် လူ့အခွင့်အရေးများ မြှင့်တင်ကာကွယ်စောင့်ရှောက်ပေးနိုင်သည့် Learning Management System ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကော်မရှင် Mobile Application ဆောင်ရွက်ထားရှိခြင်း၊ နိုင်ငံသားများ online မှ တိုင်တန်းချက်များ ပေးပို့နိုင်ရန်နှင့် သတင်းအချက်အလက်များ ရရှိနိုင်ရန်ရည်ရွယ်၍ ကော်မရှင် Website တည်ထောင်ထားရှိခြင်း၊ အခွင့်အရေးအခြေပြုဒစ်ဂျစ်တယ်စနစ် ဖြစ်စေရန်အတွက် ကော်မရှင်တွင် e–Government ဌာနဖွဲ့စည်းထားရှိခြင်းတို့ကို ဆောင်ရွက်ထားကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ဒစ်ဂျစ်တယ်ဖြစ်ပေါ်တိုးတက်မှုနှင့်အတူ လူ့အခွင့်အရေးများအပေါ် စိန်ခေါ်မှုများစွာရှိကြောင်း၊ ထိုစိန်ခေါ်မှုများကို တစ်နိုင်ငံတည်းကဖြေရှင်းနိုင်မည်မဟုတ်ဘဲ အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်ဒစ်ဂျစ်တယ်ခေတ်တွင် လွတ်လပ်မှု၊ ညီမျှမှုနှင့်လူ့ဂုဏ်သိက္ခာတို့ကို အလေးထားသည့် လူ့အခွင့်အရေးအခြေပြု ဒစ်ဂျစ်တယ်အနာဂတ်တစ်ခုဖြစ်ပေါ်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ Prof. Tatiana Moskalkova နှင့် သီးသန့်တွေ့ဆုံပြီး အဖွဲ့အစည်းနှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများကို ဆွေးနွေးကြသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့အကြား လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာ (Memorandum of Cooperation) ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါခရီးစဉ်အတွင်း ကော်မရှင်ဥက္ကဋ္ဌသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ရုံးချုပ်သို့သွားရောက်ကာ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ထို့ပြင် ကော်မရှင်ဥက္ကဋ္ဌသည် အင်ဒိုနီးရှားနိုင်ငံ၊ ဆူဒန်နိုင်ငံ၊ နီပေါနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်များမှ ကိုယ်စားလှယ်အဖွဲ့များနှင့်လည်း သီးခြားစီတွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ညီလာခံအပြီးတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌသည် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ယမန်နေ့က ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။　မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၄˚c |
| ရန်ကုန် | ၂၄˚c | / | ၃၃˚c |
| မန္တလေး | ၂၅˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**၂၉-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ** (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်က နိုင်ငံတော်ဖွဲ့စည်းပုံ ဥပဒေ (မူကြမ်း) ရေးဆွဲရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)အပေါ် မရှင်းလင်းသည့်အကြောင်းအရာများကို ပြန်လည်ဆွေးနွေးပြီး ယင်းဥပဒေ (မူကြမ်း) သည်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အရေးကြီးသည့် ဥပဒေဖြစ်သဖြင့် လတ်တလောပြဋ္ဌာန်းရန်လိုအပ်ခြင်း ရှိ/မရှိ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# အိန္ဒိယရေကြောင်းဆိုင်ရာ ရက်သတ္တပတ်-၂၀၂၅ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၉

အိန္ဒိယနိုင်ငံ၌ ရောက်ရှိနေသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယမန်နေ့က အိန္ဒိယနိုင်ငံ၊ ပြည်နယ်၊ ဆိပ်ကမ်း၊ သင်္ဘောပို့ဆောင်ရေးနှင့် ရေကြောင်းဝန်ကြီး Shri Sahntanu Thakur နှင့်အတူ ဂျာဝါဟာနေဟူဆိပ်ကမ်း အာဏာပိုင်ကကျင်းပသည့် ကုန်ပစ္စည်းများ ဖြန့်ဝေမှုကွင်းဆက် ခိုင်မာအောင်တည်ဆောက်ခြင်း (Fortifying Global Supply Chains) အခမ်းအနားကို တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားကို ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးနှင့် ထုတ်လုပ်မှုဗဟိုချက်အဖြစ် အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက်ရပ်တည်ချက်တွင် ခိုင်မြဲစေရန်၊ ရေကြောင်းကုန်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အဦများ အားကောင်းစေရန်၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချောမွေ့စေရန်နှင့် ဘက်စုံကဏ္ဍချိတ်ဆက်မှုကို မြှင့်တင်နိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် အိန္ဒိယရေကြောင်းဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သော "Logistics Reinvented" သည် ဆွေးနွေးရန်အတွက်သာမဟုတ်ဘဲ မရှိမဖြစ်လိုအပ်သည့် ကိစ္စရပ်ဖြစ်ကြောင်း၊ ခိုင်မာမှုရှိသော ထောက်ပံ့ရေးကွင်းဆက်များတည်ဆောက်ခြင်းသည် သက်ဆိုင်ရာနိုင်ငံနှင့် ဒေသတွင်းစီးပွားရေးတိုးတက်သာယာဝပြောမှုအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအတွက် ဆက်သွယ်မှုဗဟိုချက်နေရာတွင် တည်ရှိနေကြောင်း၊ အနောက်ဘက်တွင် အိန္ဒိယ၏ ရှည်လျားသောကမ်းရိုးတန်းတည်ရှိနေပြီး အရှေ့ဘက်အာဆီယံနိုင်ငံများအတွက် ရေကြောင်းကုန်သွယ်မှုတံခါးပေါက်အဖြစ် တည်ရှိနေကြောင်း၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တစ်လျှောက်ရှည်လျားသော ကမ်းရိုးတန်းရှိနေခြင်းကြောင့် ဒေသဆိုင်ရာ ဆက်သွယ်မှုကွင်းဆက်တွင် အရေးကြီးသော ချိတ်ဆက်မှုတစ်ခုဖြစ်နေကြောင်း၊ အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းနှင့် ASEAN နိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ဈေးကွက်များကြားတွင် သယ်ယူပို့ဆောင်ရေးအတွက် အချိန်နှင့် ကုန်ကျစရိတ်များကို သိသာစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း။

မြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံအကောင်အထည်ဖော်လျက်ရှိသော စစ်တွေဆိပ်ကမ်းနှင့်ကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်ဆိပ်ကမ်းများကို မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံ၏ ကုန်းတွင်းပိတ် အရှေ့မြောက်ပြည်နယ်များနှင့် ချိတ်ဆက်ပေးသည့် လမ်းကြောင်းတစ်ခုဖြစ်သည့်အပြင် စစ်တွေမြို့သည်အဓိကပင်လယ်ရေကြောင်းဝင်ပေါက်အဖြစ် စီးပွားရေးစကြံအသစ်တစ်ခုဖြစ်ကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်းသုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းသည် အိန္ဒိယမှ အာဆီယံဗဟိုသို့ တိုက်ရိုက်ဆက်သွယ်နိုင်သော ကုန်းလမ်းကြောင်းတစ်ခုဖြစ်ကြောင်း၊ အနာဂတ်တွင် ပြည်တွင်းထောက်ပံ့ပို့ဆောင်ရေး ခေတ်မီရေးနှင့် ဆိပ်ကမ်းများခေတ်မီရေးတို့ကို ဆောင်ရွက်ခြင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးအတွက် Single Window စနစ်များနှင့်ဒစ်ဂျစ်တယ်ပလက်ဖောင်းများကို အကောင်အထည်ဖော်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အဦကဏ္ဍများတွင် ပုဂ္ဂလိကကဏ္ဍများပါဝင်စေရန် ဆွဲဆောင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို ဖြတ်သန်းသွားရုံသာမကဘဲ ထိရောက်၍ ကုန်ကျစရိတ်သက်သာစေပြီး အကျိုးပြုသည့် ထောက်ပံ့ပို့ဆောင်ရေးဂေဟစနစ်တစ်ခုဖန်တီးရန် လူသားအရင်းအမြစ် ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာလွှဲပြောင်းမှုကဏ္ဍတွင်အတူတကွပူးပေါင်းဆောင်ရွက်သွားရန်ရည်ရွယ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အိန္ဒိယနိုင်ငံ ရေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် အိန္ဒိယနိုင်ငံ၊ ပြည်နယ်၊ ဆိပ်ကမ်း၊ သင်္ဘောပို့ဆောင်ရေးနှင့် ရေကြောင်းဝန်ကြီးအောက်ရှိဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ MoU လက်မှတ်ရေးထိုးလဲလှယ်ခြင်းအခမ်းအနားသို့တက်ရောက်သည်။

အခမ်းအနားအပြီးတွင် အိန္ဒိယနိုင်ငံ၊ ပြည်နယ်၊ ဆိပ်ကမ်း၊ သင်္ဘောပို့ဆောင်ရေးနှင့် ရေကြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သောအဖွဲ့နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကျင်းပပြီး နှစ်နိုင်ငံကမ်းရိုးတန်းသွားသင်္ဘောများဆိုင်ရာ သဘောတူစာချုပ်နှင့်အဆိုပါသဘောတူစာချုပ်၏စံပြုလုပ်ငန်းစဉ်များ၊ သင်္ဘောသားများ၏ လေ့ကျင့်ခြင်းနှင့် လက်မှတ်များကို အသိအမှတ်ပြုခြင်း နားလည်မှုစာချွန်လွှာ၊ သင်္ဘောသားများအတွက် သဏ္ဌာန်တူသရုပ်ပြအခြေခံလေ့ကျင့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် စာမေးပွဲစနစ်၊ သင်္ဘောများကို တာဝေးမှ ခြေရာခံ၍ ထောက်လှမ်းကြည့်ရှုခြင်းစနစ်နှင့် အိန္ဒိယနိုင်ငံသို့ ဝင်ရောက်မည့် မြန်မာမှတ်ပုံတင်သင်္ဘောများအတွက် အကာအကွယ်ပေးရေးနှင့် လျော်ကြေးဆိုင်ရာအာမခံကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

## ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆန်တန်ချိန် (၂၅) တန်နှင့်အထက် သို့မဟုတ် စပါးတင်း (၂၅၀၀) နှင့်အထက် သိုလှောင်ထားရှိသော ဆန်စပါးသိုလှောင်ရုံပိုင်ရှင်များသည်မြန်မာဆန်စပါးအွန်လိုင်း(MyRO)www.myro.com.mm တွင် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်လက်မှတ်လျှောက်ထားရယူရန်လိုအပ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၄-၁၀-၂၀၂၄ ရက်နေ့တွင် အမိန့်အမှတ်(၈၂/၂၀၂၄)ကို ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ဆန်စပါးသိုလှောင်ရုံပိုင်ရှင်များအနေဖြင့် မပျက်မကွက်လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၂။ မြန်မာဆန်စပါးအွန်လိုင်း(MyRO)စနစ်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော သိုလှောင်ရုံများအနေဖြင့်လည်း လစဉ်လဆန်း (၁)ရက်နေ့မှ (၇)ရက်နေ့အတွင်း ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန်စာရင်းများကို MyRO Website ရှိမိမိ၏ Account တွင် မပျက်မကွက် စာရင်းထည့်သွင်းပေးရန်၊ ပြည့်စုံမှန်ကန်သောအချက်အလက်များကို တာဝန်ယူ၊ တာဝန်ခံ၍ ထည့်သွင်းပေးရန်နှင့် အခါအားလျော်စွာလာရောက်စစ်ဆေးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

၃။ အထက်အပိုဒ်(၁)ပါအတိုင်း သိုလှောင်ရုံမှတ်ပုံတင်လက်မှတ်လျှောက်ထားရန်ပျက်ကွက်လျှင်ဖြစ်စေ၊ အပိုဒ်(၂)ပါ လစဉ် ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန်စာရင်းအား ပြည့်စုံမှန်ကန်စွာသတ်မှတ်ချိန်အတွင်း ဆောင်ရွက်ခြင်းမရှိလျှင်ဖြစ်စေ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်အမှတ်(၈၂/၂၀၂၄)ပါသတ်မှတ်ချက်များနှင့်အညီ အရေးယူခြင်း၊ သို့မဟုတ်မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်း၊ သို့မဟုတ် နည်းလမ်းနှစ်ရပ်စလုံးဖြင့် အရေးယူခြင်းကို ဆောင်ရွက်နိုင်ပါသဖြင့် သိရှိလိုက်နာဆောင်ရွက်ရန်နှင့် သိရှိလိုသည်များရှိပါက www.myro.com.mmတွင်လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်ရုံးများတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံးတွင်လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# စက်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလေးခု ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတည်ပြု

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၀/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလေးခုကို အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့်လုပ်ငန်းများမှာ CMP စနစ်ဖြင့် wearing apparel အမျိုးမျိုးနှင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၉၆ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၃၆၉၅ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်မည့်လုပ်ငန်းတစ်ခု အပါအဝင် အထွေထွေကိစ္စရပ်များတင်ပြလာသည့် ကုမ္ပဏီ ၁၀ ခု၏တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။

ဝန်းရံ

# ဇက်ကျီးပေါင်းတက်ရောဂါ

**"စာရေးသူ၏မိတ်ဆွေခံစားရသော ဆင်စီးသကဲ့သို့ တငြိမ့်ငြိမ့် ခံစားရသည့် ခေါင်းမူးဝေဒနာမှာ ဝမ်းချုပ်သောနေ့များတွင် ပို၍ဖြစ်လေ့ရှိသည်ဟုဆိုသည်။ သူသည် ကောက်ညှင်းကိုအလွန်ကြိုက်သော်လည်း မစားရဲတော့ဟုဆိုသည်။ ကောက်ညှင်းစားပြီး နောက်တစ်ရက် ဝမ်းချုပ်သွားလျှင် ချာချာလည်မူးသောဝေဒနာ စတင်ခံစားရလေတော့သည်။ အခန့်မသင့်လျှင် ပစ္စည်းတစ်ခု လွတ်ကျ၍ ကုန်းကောက်လိုက်ချိန်မှစ၍မူးသည်။ အိပ်ရာထဲလှဲချလိုက်ချိန်တွင် မူးသည်လည်းရှိသည်။ ထိုသို့မူးသွားလျှင် စကားမပြောဘဲ ငြိမ်ငြိမ်လေးနေမှ သက်သာသည်ဟုဆိုသည်။ သူအိပ်သည့်ခုတင်နံဘေးသို့ လူတစ်ယောက်ရောက်လာပြီး ခုတင်ကိုကိုင်လိုက်လျှင် ပို၍မူးသည်ဟုဆိုသည် . . ."**

စာရေးသူ၏ မိတ်ဆွေတစ်ဦးသည် မကြာခဏမူးသဖြင့် သူ့ကိုယ်သူ နှလုံးရောဂါဖြစ်လာပြီဟုထင်ကာ နှလုံးအထူးကုဆရာဝန်ကြီးနှင့်ပြသည်။ ပေးသမျှဆေးကို မှန်မှန်ဝယ်သည်။ နှလုံးနှင့်မသင့်သော အဆီအအိမ့်များကို ရှောင်သည်။ နောက်ဆုံး နွားနို့နှင့်အသားများကိုပါ ရှောင်သည်။ သို့သော် သူ၏အမူးရောဂါမှာ သက်သာမလာ။ မသက်သာဟုဆိုသော်လည်း တစ်ခါတစ်ရံ သက်သာနေသည်။ တစ်ခါတစ်ရံ အခန့်မသင့်လျှင် မူးပြန်သည်။

သူ၏မူးပုံမှာ ဆန်းသည်။ နံနက်ပိုင်းတွင် အကောင်းပကတိရှိနေသည်။ နေ့လယ်ထမင်းစားပြီးချိန်အထိလည်း အကောင်း၊ ထမင်းစားပြီး ခေတ္တခဏမျှ တစ်ရေးတစ်မောအိပ်စက်ရန် ခေါင်းအုံးပေါ်လှဲချလိုက်ချိန်တွင် ငြိမ့်ခနဲမူးသွားပြီး အိပ်၍လည်းမပျော်၊ အိပ်ရာပေါ်တွင် ငြိမ်ငြိမ်အိပ်နေသော်လည်း ရထားစီးနေသကဲ့သို့၊ လှိုင်းစီးနေသကဲ့သို့ ခံစားနေရသည်ဟုဆိုသည်။ သူပြောသောစကားအရ စာရေးသူသည် အာယုဗ္ဗေဒကျမ်းတွင်ပါသော အကျွေပကခေါ် ဆင်ဦးစီးလေနှင့်တူသည်ဟု စဉ်းစားမိသည်။ ဆင်၏ဦးခေါင်းပိုင်းတွင် ထိုင်၍လိုက်သော ဆင်ဦးစီးမှာ အငြိမ်နေရသည်မဟုတ် တငြိမ့်ငြိမ့်နှင့် ရှေ့သို့ထိုးသည်ဟု ဆိုသည်။

အမှန်တော့ စာရေးသူ၏မိတ်ဆွေ ရောဂါမှာ ဇက်ကျီးပေါင်းတက်၍ မူးသောရောဂါဖြစ်သည်။ နှလုံးရောဂါနှင့်ရောထွေးကာ အနာတလွဲ၊ ဆေးတလွဲဖြစ်နေခြင်းသာ။ တကယ်တော့ သူသည် နှစ်ပေါင်းများစွာ ခေါင်းငုံ့ပြီး စာရေးရသည့် ရုံးအုပ်၊ စာရေးကြီးအလုပ်ကို လုပ်ခဲ့သူဖြစ်သည်။ လည်ပင်းရိုးဆစ်များကို ခေါင်းငုံ့သည့်အနေအထားဖြင့် နှစ်ရှည်အလုပ်လုပ်ခဲ့သူများမှာ ကျီးပေါင်းတက်ရောဂါရစမြဲဖြစ်သည်။

ဦးခေါင်းကိုပင့်ထားသော လည်ပင်းရိုးဆစ်သည် အဆစ်ပေါင်း ခုနစ်ဆစ်ရှိသည်။ ဦးခေါင်းငုံ့ခြင်း၊ မော့ခြင်း၊ ဘေးသို့လှည့်၍ကြည့်ခြင်းအလုပ်တို့ကို ထိုအရိုးဆစ်များဘေးမှထွက်သည့် အာရုံကြောများက လုပ်ဆောင်ပေးသည်။ တစ်ခါတစ်ရံ အခန့်မသင့်၍ ငုံ့လိုက်၊ မော့လိုက်ရာမှ အာရုံကြောနှင့် အရိုးအဆစ်နှစ်ခုကြားတွင်ရှိသော ဝါရှာကဲ့သို့ ခံထားသော အရွတ်တုံး ပိမိ၊ ညပ်မိသောအခါ ထုံခြင်း၊ ကျဉ်ခြင်း၊ ကိုက်ခဲခြင်း၊ နာကျင်ခြင်း၊ မူးဝေခြင်း စသောအာရုံခံစားချက်အမျိုးမျိုးကို သူ့နေရာ၊ သူ့အနေအထားအလိုက် ခံစားရပေသည်။ ဦးနှောက်သို့သွေးပို့သော သွေးကြောပိုက်လိုင်းကို ပိမိသောအခါ ချာချာလည်မူးဝေသော ဝေဒနာခံစားရသည်။ ထိုခံစားချက်သည် တစ်ခဏတာဖြစ်သည်ရှိသလို ရက်ရှည်ဒုက္ခပေးနေသည်မျိုးလည်းရှိသည်။

လူအများ မကြာခဏဖြစ်လေ့ရှိသော အာရုံကြောညပ်ဝေဒနာမှာ လည်ပင်းရိုးအဆစ် (၃)နှင့် (၄)ကြား အာရုံကြောညပ်လျှင် လည်ကုပ်အထက်နားမှ ဘယ်ညာညှပ်ရိုး အထက်ရေယာအထိ နာကျင်ပြီး ဇက်လှည့်မကောင်းခြင်း၊ ဇက်ခိုင်ခြင်းဖြစ်လေ့ရှိသည်။ လည်ပင်းရိုးအဆစ် (၄)နှင့် (၅) ကြား အာရုံကြောညပ်လျှင် လည်ကုပ်ဆက်မှ ဘယ်ညာပခုံးကြော၊ လက်ပြင်ကြောအထိ ကိုက်ခဲနာကျင်နေတတ်သည်။

အုံးလွဲသည့်ဝေဒနာကို ပုံမှန်ပူနွေးစေသည့် အကြောလိမ်းဆေး၊ ပရုတ်ဆီ၊ မုန့်ညင်းဆီ စသည်များလိမ်းပေး၍အကြောပျော့ပျောင်းစေသောအခါ ဝေဒနာသက်သာသွားစေနိုင်သည်။ တချို့မှာ အနှိပ်သည်ဖြင့် ခပ်ကြမ်းကြမ်းနှိပ်မိပြီး အနှိပ်မှားကာ အကြောရောင်သောအဆင့်သို့ ရောက်၍ ပိုဆိုးသောဝေဒနာကို ရက်ရှည်ခံစားရနိုင်ကြောင်း သတိပြုစေလိုသည်။

ဇက်ကျီးပေါင်းတက် အမူးရောဂါအကြောင်းပြန်ကောက်ရလျှင် လူ၏လည်ပင်းရိုးဆစ် ခုနစ်ဆစ်အတွင်းမှ သွားသော သွေးကြောမကြီးနှစ်ခု ရှိသည်။ ထိုသွေးပိုက်လိုင်းနှစ်ခုသည် ဦးခေါင်းခွံအတွင်းရှိ ဦးနှောက်ဘယ်ဘက်အခြမ်းနှင့် ညာဘက်အခြမ်းသို့ သွေးပို့ပေးသည်။ လည်ပင်းရိုးဆစ်သည် ကျီးပေါင်းကြောင့် အပွေးတက်ပြီး ထူလာခြင်း၊ ရှေ့သို့ ချွန်ထွက်လာခြင်း၊ အတက်ကဲ့သို့ ရှည်ထွက်လာခြင်းဖြစ်နိုင်သည်။ ခေါင်းငုံ့စာရေးသည့်အလုပ်ကို နှစ်ပေါင်း ၂၀၊ ၃၀ ပြုလုပ်ခဲ့သူများတွင်သာဖြစ်လေ့ရှိသည်။

ကျီးပေါင်းအချွန်အတက်သည် ခေါင်းငုံ့လိုက်သောအခါ သို့မဟုတ် မော့လိုက်သောအခါ၊ အိပ်ရာထဲသို့ လှဲအိပ်လိုက်သောအခါ၊ အခန့်မသင့်သောအခါများတွင် ဦးနှောက်သို့ပို့သော သွေးကြောမကြီးကို သွား၍ဖိမိပြီး ဦးနှောက်တစ်ခြမ်းမှာ သွေးမရောက်ဘဲ မူးဝေသောခံစားချက်ကို ရုတ်တရက်ခံစားလိုက်ရခြင်းဖြစ်သည်။ ဖိမိသောအနေအထားမှ ပြောင်းလိုက်သောအခါ သွေးပြန်ရောက်သဖြင့် မူးဝေခြင်းပျောက်သွားပြန်သည်။ ဤသည်ကိုပင် ဆင်စီးသကဲ့သို့၊ လှိုင်းစီးသကဲ့သို့ မူးဝေသည်ဟု ခံစားရခြင်းဖြစ်သည်။

ဤသို့မဖြစ်စေရန် အနောက်တိုင်းဆရာဝန်များက လည်ပင်းထောက်သားရေလည်ပတ်များ ပတ်ထားခိုင်းလေ့ရှိသည်။ ရုတ်တရက် ငုံ့လိုက်ခြင်း၊ မော့လိုက်ခြင်း မပြုလုပ်နိုင်စေရန် လည်ပင်းထောက်ဖြင့် တားထားခြင်းဖြစ်သည်။ ရေရှည်ကုထုံးမှာ လည်ပင်းရိုးဆစ်များ ထပ်မနေစေရန်၊ ကျီးပေါင်းကြောင့် အရွတ်တုံးများ ပိမနေစေရန် Attraction ခေါ် ဇက်ဆွဲကုသခြင်း၊ ခဲဆွဲကုသခြင်းဖြင့် ကုသလျှင် သက်သာစေနိုင်သည်။ ထိုကုသခြင်းမျိုးမှာလည်း တစ်ခဏနှင့်မရ၊ နှစ်ချီပြုလုပ်ရသော ရေရှည်ကုသနည်းဖြစ်သည်။

စာရေးသူ၏မိတ်ဆွေ ခံစားရသော ဆင်စီးသကဲ့သို့ တငြိမ့်ငြိမ့်ခံစားရသည့် ခေါင်းမူးဝေဒနာမှာ ဝမ်းချုပ်သောနေ့များတွင် ပို၍ဖြစ်လေ့ရှိသည်ဟုဆိုသည်။ သူသည် ကောက်ညှင်းကိုအလွန်ကြိုက်သော်လည်း မစားရဲတော့ဟုဆိုသည်။ ကောက်ညှင်းစားပြီး နောက်တစ်ရက် ဝမ်းချုပ်သွားလျှင် ချာချာလည်မူးသောဝေဒနာ စတင်ခံစားရလေတော့သည်။ အခန့်မသင့်လျှင် ပစ္စည်းတစ်ခုလွတ်ကျ၍ ကုန်းကောက်လိုက်ချိန်မှစ၍မူးသည်။ အိပ်ရာထဲလှဲချလိုက်ချိန်တွင် မူးသည်လည်းရှိသည်။ ထိုသို့မူးသွားလျှင် စကားမပြောဘဲ ငြိမ်ငြိမ်လေးနေမှ သက်သာသည်ဟုဆိုသည်။ သူအိပ်သည့်ခုတင်နံဘေးသို့ လူတစ်ယောက်ရောက်လာပြီး ခုတင်ကိုကိုင်လိုက်လျှင် ပို၍မူးသည်ဟုဆိုသည်။

ထိုကဲ့သို့ ထူးဆန်းစွာမူးသောအမူးရောဂါသည် ဝမ်းမှန်သောနေ့၊ လေလည်သောနေ့များတွင် ထူးခြားစွာသက်သာသည်ဟုဆိုသည်။ စိတ်ထင်၍လားဟု ဆန်းစစ်ကြည့်သောအခါတွင်လည်း အမှန်ပင် ဝမ်းချုပ်၊ လေချုပ်ခြင်းနှင့် ကျီးပေါင်းကြောင့်မူးခြင်းမှာ ဆက်နွယ်နေသလို ခံစားနေရသည်ဟုဆိုသည်။ သူသည် အရိုးအဆစ်အထူးကု ဆရာဝန်ကြီးများနှင့်ပြသပြီး လည်ပင်းရိုးဆစ်ကို ဓာတ်မှန်ရိုက်စစ်ဆေးသောအခါ C3- C4၊ C4-C5၊ C5- C6 စသော လည်ပင်းရိုးဆစ်များတွင် Spondylosis ခေါ် အရိုးကျီးပေါင်းတက်ရောဂါရှိနေသည်ဟုဆိုသည်။ အာရုံကြောဆေးများစားရသည့်အပြင် လည်ပင်းထောက်ကိုလည်း အပြင်ထွက်သည့်အခါတိုင်း တပ်ထားရသည်။ Attraction ခေါ် ဇက်ဆွဲသည့် ကိရိယာနှင့်ပြုလုပ်ရသောလေ့ကျင့်ခန်းကို တစ်ပတ်လျှင် အနည်းဆုံးနှစ်ကြိမ် ဆေးရုံတွင်သွား၍ပြုလုပ်ရသည်။ ပုံမှန်အားဖြင့် သက်သာသလိုရှိသော်လည်း ဝမ်းချုပ်မခံဝံ့။ ဝမ်းချုပ်၊ လေချုပ်သောနေ့များတွင် မူးမြဲမူးလျက်ရှိသည်ဟု သူကပြောသည်။

ဒေသနာနယ ဆေးပညာအလိုအရ ဝမ်းချုပ်သောအခါ အဓေါဝါတခေါ် အောက်သို့စုန်သောလေသည် ပိတ်သွားသဖြင့် အထက်သို့ဆန်သောလေ ဥဒင်္ဂမဝါယောအားကောင်းလာပြီး အထက်သို့ဆောင်သောကြောင့် ခေါင်းမူးခြင်းဖြစ်နိုင်သည်။ သာမန်ဆိုလျှင် ခေါင်းမကြည်ခြင်း၊ စိတ်မကြည်ခြင်းမျှသာ ဖြစ်နိုင်သော်လည်း ဇက်ကျီးပေါင်းအခံရှိသူများမှာ ဦးနှောက်သို့ပို့သောသွေးကို ဆောင့်တက်သော လေဖိအားကြောင့် မူးခြင်းနှင့် ကျီးပေါင်းမှပိတ်ဆို့ခြင်း ဆုံသွားသောအခါ လေမျိုး ၈၀ တွင်ပါသော အကျွေပကဝါယော (ဆင်ဦးစီးလေ) တငြိမ့်ငြိမ့်နေသကဲ့သို့ ရှေ့တိုးနောက်ဆုတ်မူးဝေခြင်း ဖြစ်ရလေသည်။

ထိုသို့ဖြစ်သော လေရောဂါကိုကုသရန် လက္ခဏာဗုဒ္ဓကျမ်းမှ လေမျိုး ၈၀ ဆေးနည်းကို ဖော်ပြလိုပါသည်။ စာရေးသူ၏မိတ်ဆွေသည် ဤလေမျိုး ၈၀ ဆေးဖြင့် သူ၏အမူးဝေဒနာ သက်သာသည်ဟုဆိုသဖြင့် ဆေးနည်းပေးဖော်ပြရခြင်းဖြစ်ပါသည်။

**လေမျိုး ၈၀ ဆေးနည်း**

| | |
|---|---|
| ၁။ ဆားခါး | - ၁ ပိဿာ |
| ၂။ ရေ | - ၂ ပိဿာ |
| ၃။ ဇဝက်သာ | - ၅ ကျပ်သား |
| ၄။ ယမ်းစိမ်း | - ၂ ကျပ် ၈ ပဲသား |
| ၅။ ကျောက်ချဉ် | - ၁ ကျပ်သား |

မီးမှာတင်၍ချက်။ အမြှုပ်သေလျှင် ချ။ အအေးခံပြီး ပုလင်းနှင့်ထားလေ။

**ဆေးတိုက်ရန် အချိန်အဆ**

- လူကြီး ကြွေဇွန်းနှင့် နှစ်ဇွန်းမှ သုံးဇွန်းအထိ၊

-လူငယ် ကြွေဇွန်းနှင့် တစ်ဇွန်းမှ နှစ်ဇွန်းအထိ၊ ချင့်ချိန်၍တိုက်။ ပြီးလျှင် ရေနွေးသောက်။ ဝမ်းရပ်စေလိုလျှင် ရေအေးသောက်။

-ဝမ်းသွားများ၍ မရပ်လျှင် မီးမကင်ဆေးသောက်။

-ကက္ခလအနာ၊ ဝိတ္ထံဘီတနာများ ပေးလေ။

လက္ခဏာဗုဒ္ဓကျမ်း မူရင်းအတိုင်း ဖော်ပြထားပါသည်။

ကြည်လွင်မြင့်(မုဒြာ)

---

# ပဲခူးမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပဲခူး အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာလ ၂၉ ရက်တွင် ၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းထွန်းက အမှာစကားပြောကြားပြီး ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန် ဒေါက်တာကိုဦးက ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းထွန်း၊ ပဲခူးမြို့ ခုတင်- ၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက မျက်စိနှင့်ပတ်သက်၍ပြသထားသောပြခန်းငယ်ကို ကြည့်ရှုကြသည်။

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ အထိမ်းအမှတ်ဆောင်ပုဒ်များချမှတ်ကာ ကျင်းပလျက်ရှိပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်သည် အမြင်အာရုံကောင်းစေဖို့ အသိပညာမျှဝေလို့ မျက်စိကျန်းမာရေးအလေးပေးစို့ဖြစ်ကြောင်း သိရသည်။

ဥဿာတိုင်းသား

# တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၄၇ / ၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)
**တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ကြည်း ၃၁၆၆၇ ဗိုလ်မှူးကြီး သိန်းဇော်မြင့်အား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# Marketing Management Training for Commercial First Aid **သင်တန်းဖွင့်ပွဲကျင်းပ**

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်း အရင်းအမြစ်စုစည်းအသုံးချရေးဌာန၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ ပူးပေါင်းကျင်းပသည့် Marketing Management Training for Commercial First Aid သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ပြုလုပ်သည်။

ဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့် တက်ရောက်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ National Society Development Delegate Ms. Laura MARTINEZ နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ Corporation Specialist ဒေါ်အေးသန္တာထွန်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်တင်လေး၊ အလုပ်အမှုဆောင်များ၊ သင်တန်းတက်ရောက်မည့် ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ Marketing Focal များဖြစ်သော ကြက်ခြေနီစေတနာလုပ်အားရှင်များ တက်ရောက်ကြသည်။

Commercial First Aid (CFA) Guidelines အတိုင်း စနစ်တကျဆောင်ရွက်နိုင်ရန်၊ ဈေးကွက်မြှင့်တင်ရေး လုပ်ငန်းဆိုင်ရာ အခြေခံသဘောတရားများကို သိရှိစေရန်နှင့် ဝင်ငွေရလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ကာ ယခုသင်တန်းကို ပြုလုပ်ခြင်းဖြစ်ပြီး သင်တန်းကို အောက်တိုဘာလ ၂၈ ရက်မှ ၃၀ ရက်အထိ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**ဘားအံ အောက်တိုဘာ ၂၉**

ကရင်ပြည်နယ်ပညာရေးမှူးရုံးက ကြီးမှူး၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ပြည်နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၂၈ ရက် နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ကျင်းပသည်။



ရှေးဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က စနစ်သစ်ပညာရေးအစီအစဉ်အရ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘာသာရပ်သင်ဆရာ၊ ဆရာမများနှင့် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် မေးခွန်းပုံစံအရ သင်ကြားနည်းများ၊ ဖြေဆိုမည့်ဘာသာရပ်အလိုက် မေးခွန်းပုံစံအလေ့အကျင့်ရရှိစေပြီး သင်ယူတတ်မြောက်မှုတိုးတက်ကာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားလာရေးကို ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစသိန်းကျော်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရွှေရည်ထွန်းက အောင်ချက်မြင့်မားရေးလုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ အထက်တန်းအဆင့် သင်ကြားရေး ဆရာ၊ ဆရာမများက တက်ရောက်ကြကြောင်း သိရသည်။

(၄၀၆)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၀-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၆:၀၀ တရားတော် **ဘိသိက်ပြိုင်(ပထမပိုင်း)**
၂။ ၀၉:၀၀ ကျန်းမာသုတ **သရုပ်ဆောင် မိုးဒီ၊ ဇော်ဝင်းနိုင်၊**
၃။ ၁၁:၀၀ လူတိုင်းကျန်းမာသိမှတ်စရာ **ဝွမ်းပုံကြီး**
၄။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး **ဒါရိုက်တာ၊ ညဏတင်စိုး**
၅။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၆။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း**
၇။ ညစနာရီသတင်းအပြီး အတွေးအမြင်
၈။ ခရီးလည်းသွားစကားလည်းဆို

## MWD Variety Channel

၃၀-၁၀-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၉:၄၀ လောကကိုအလှဆင်ပန်းတို့ဥယျာဉ်
၂။ ၁၀:၃၀ မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(မှတ်တမ်းအစီအစဉ်)
၃။ ၁၁:၄၀ ကဗျာအလှရသလွှင်ပြင်
၄။ ၁၆:၄၅ Variety Choice
၅။ ၁၇:၃၀ အားကစားနည်းသမိုင်းကြောင်း

# နေပြည်တော်အလည်ခရီး

❖ နေပြည်တော်မှာ၊ ထူးခြားစွာ
မာရဝိဇယ၊ သပ္ပာယ်လှ
ဗုဒ္ဓရှင်တော်၊ ရုပ်ပွားတော်
ပူဇော်ကြည်နူး၊ သဒ္ဓါမြူး
နူးတယ်လေ့ မြူးတယ်လေး။

❖ တန်ခိုးဂုဏ်ဆောင်၊ လှေခွင်းတောင်
ရောက်အောင်ရည်မှန်း၊ ဖူးကာလှမ်း
မှန်းတယ်လေ့ လှမ်းတယ်လေး။

❖ ဥပ္ပါတသန္တိ၊ မြတ်မုနိ
ရှိခိုးဖူးမြင်၊ ဦးတော်တင်
ကြည်လင်ရွှင်လန်း၊ နိဗ္ဗာန်မှန်း
လန်းတယ်လေ့ မှန်းတယ်လေး။

❖ သတ္တသတ္တာဟ၊ ခုနစ်ဌာန
ခဝပ်ပူဇာ၊ ဝန္ဒနာ
ဒါနပေါင်းစု၊ ကုသိုလ်ပြု
စုတယ်လေ့ ပြုတယ်လေး။

❖ ရေပန်းဥယျာဉ်၊ လှည့်လည်ဝင်
ကြည်လင်လို့အေး၊ သံသာတေး
ကလေးပေါင်းစုံ၊ ဆော့မြူးခုန်
ပန်းပုံရေဖွေး၊ ကြည့်ကာငေး
ဖွေးတယ်လေ့ ငေးတယ်လေး။

❖ စစ်သမိုင်းဝင်၊ ပြတိုက်တွင်
ဂုဏ်အင်ထင်ရှား၊ စွမ်းရည်များ
မှတ်သားလေ့လာ၊ အားကျကာ
ဇာတိမာန်နိုး၊ ညဏ်ရည်တိုး
နိုးတယ်လေ့ တိုးတယ်လေး။

❖ ဆာဖာရီမှာ၊ ဝင်ရောက်ကာ
လာသူအချင်းချင်း၊ ပျော်ပွဲခင်း
တိုင်းရင်းသားရွာ၊ လှည့်လည်ကာ
နေရာအနှံ့၊ ခြေကုန်ဆန့်
တည်ခံ့ထည်ဝါ၊ ပြည်မြန်မာ
ရိုးရာအားပေး၊ စားတော်လွေး
ပေးတယ်လေ့ လွေးတယ်လေး။

❖ လာရောက်လှည့်ပါ၊ နယ်တကာ
ဆုံကာတွေ့ရ၊ ရှုမဝ
ရွှင်ပျကြည်လင်၊ အပြန်တွင်
မြင်ယောင်လို့လွမ်း ပြန်လည်တမ်း။
လွမ်းတယ်လေ့ တမ်းတယ်လေး။ ။

**နွေဦးကိုကို(နေပြည်တော်)**

# မိုးညှင်းမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ကျပန်းစကားပြောပြိုင်ပွဲကျင်းပ



မိုးညှင်း အောက်တိုဘာ ၂၉

ကချင်ပြည်နယ် မိုးညှင်းခရိုင်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ကျပန်းစကားပြောပြိုင်ပွဲကို အောက်တိုဘာလ ၂၈ ရက်က မိုးညှင်းမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများစာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားပြီး စာကြည့်တိုက်များသို့ ဝင်ထွက်သွားလာတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ကျပန်းစကားပြောပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အောက်တိုဘာလ ၂၉ ရက်တွင် အခြေခံပညာမူလတန်းအဆင့် ပုံပြောပြိုင်ပွဲကို ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ အောက်တိုဘာလ ၃၀ ရက်တွင် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို လူမှုဘဝတိုးတက်ရေးစာဖတ်ရှိန်ကိုမြှင့်တင်ပေး ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၁၁) သင်တန်းဖွင့်လှစ်

ပခုက္ကူ အောက်တိုဘာ ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ၂၈ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်က သင်တန်းကျောင်းဆိုင်ရာ သမိုင်းကျဉ်း၊ ဖွင့်လှစ်ပြီးသည့် သင်တန်းအမျိုးအစား၊ အကြိမ်ရေနှင့် သင်ကြားပို့ချပေးသည့် ဘာသာရပ်များအကြောင်းတို့ကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသုံးပစ္စည်းများ၊ သင်တန်းသူများ ကိုယ်တိုင်ချုပ်လုပ်ထားသည့် အဝတ်အထည်ဒီဇိုင်းများနှင့် လူသုံးကုန်ပစ္စည်းများ ပြသထားမှုများကို ကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး၊ မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှု ကျဉ်းမြောင်းစေရေး၊ ပြည်တွင်းရှိ ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်ပေးနိုင်ရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသူ ၃၀ ဦးအား ၂၀၂၅ ခုနှစ် အောက်တိုဘာလ၂၇ ရက်မှ ၂၀၂၆ ခုနှစ် မတ်လ ၂၆ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ကလေးအလုပ်သမားများပပျောက်ရေး အသိပညာပေးဟောပြော




ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူး၍ ကလေးအလုပ်သမားများပပျောက်ရေးအသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၈ ရက်က တာမွေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး သဃ်န်းကျွန်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာမွန်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ကလေးအလုပ်သမားများနှင့်ပတ်သက်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးနေသည်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းမြတ်ကိုက ကလေးအလုပ်သမားများနှင့်ပတ်သက်၍ ဥပဒေ/ နည်းဥပဒေ/ ပြစ်မှု/ ပြစ်ဒဏ်များကိုလည်းကောင်း၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးဌေးက အလုပ်ရှင်/အလုပ်သမားများနှင့်ပတ်သက်သည့် ဥပဒေ/နည်းဥပဒေများ၊ ကလေးအလုပ်သမားများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနေသည့်အခြေအနေများကိုလည်းကောင်း၊ အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်) ရဲအုပ်ကျော်စွာမြင့်က ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်သည့် ဥပဒေ/ နည်းဥပဒေ/ ပြစ်မှု/ပြစ်ဒဏ်များကိုလည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်နီလာဝင်းက အလုပ်သမားများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနေသည့်အခြေအနေများကို အသိပညာပေးပြောကြားကြသည်။

ဆက်လက်၍တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

အခမ်းအနားသို့ သဃ်န်းကျွန်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ တာမွေမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အတွင်းရှိ စက်ရုံ/ အလုပ်ရုံနှင့်လုပ်ငန်းအသီးသီးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# တံတားဦးမြို့နယ်အတွင်း အခြေခံပညာကျောင်း ၁၂၁ ကျောင်းရှိ KG တန်းမှ ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းဆောင်ရွက်

တံတားဦး အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်အတွင်း အခြေခံပညာကျောင်း ၁၂၁ ကျောင်းရှိ KG တန်းမှ ကျောင်းသား၊ ကျောင်းသူ ၂၁၀၁ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို အောက်တိုဘာလ ၂၈ ရက်က တံတားဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့မ အခြေခံပညာအလယ်တန်းကျောင်းတို့၌ ဆောင်ရွက်သည်။

အဆိုပါ ကျောင်းတွင်းအာဟာရကျွေးမွေးရာသို့ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့်ကော်မတီဝင်များ၊ တံတားဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကို၊ တံတားဦးခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တံတားဦးခရိုင်/ မြို့နယ် ပညာရေးမှူးများတက်ရောက်၍ ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးခြင်း ဆောင်ရွက်ကြသည်။

ထို့နောက် တာဝန်ရှိသူများသည် တံတားဦးမြို့နယ်အတွင်းရှိ KG တန်းမှ ကျောင်းသား၊ ကျောင်းသူများအား သွားတိုက်ဆေးနှင့် သွားတိုက်တံများ ပေးအပ်ကြကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**



# မြိတ်မြို့နယ်နှင့်တိုက်ကြီးမြို့နယ်တို့ရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မစိုးရိမ်စာသင်တိုက်ရှိ သံဃာတော်များအား ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၂ ပါးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆရာတော်အား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး မစိုးရိမ်စာသင်တိုက်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသအား ဖူးမြော်၍ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထရောင်အုပ်စု၊ မြေတိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၁၅ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိမဟာသီရိဝိဟာရကျောင်းတိုက်၌ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဖွင့်ပွဲကျင်းပ

တောင်ကြီး အောက်တိုဘာ ၂၉

၂၀၂၅ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီခွဲတွင် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူတို့က စူဠာမုနိလောကချမ်းသာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်ပူဇော်ကြပြီး စိန်နားပန်မီးပုံးပျံတစ်လုံး လွှတ်တင်ပူဇော်ပေးကြသည်။

ထိုမှတစ်ဆင့် အဝေရာမီးပုံးပျံကွင်း၌ ဒေသခံအဆိုတော်များမှ ခေတ်ပေါ်တေးဂီတတီးဝိုင်းဖြင့် ရှမ်းရိုးမကအိုးစည်သံ၊ မြေပြန့်သူလေးနောင်းပိန်နောင်း၊ ရိုးရာမပျက်တဲ့မြေ သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ၂၀၂၅ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်အား တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးသန်းဦးလွင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ထို့နောက် တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်မှ နိုဝင်ဘာလ ၅ ရက်အထိ ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း မြို့လုံးကျွတ် ဘုံကထိန်ပဒေသာပင်လှည့်လည်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ မီးပဒေသာပင်လှည့်လည်ပူဇော်ပွဲ၊ နေ့လွှတ်မီးပုံးပျံ ၂၅၈ လုံး၊ ညလွှတ်မီးပုံးပျံညမီးကြီး ၄၃ လုံး၊ စိန်နားပန်မီးပုံးပျံ ၃၇ လုံး မီးပုံးပျံပြိုင်ပွဲများကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၏ အထင်ကရ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကြီးသည် တိုင်းရင်းသားလူမျိုးစုအားလုံး၏ စည်းလုံးညီညွတ်မှုကို အခြေခံသည့် ပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကြီးကို တိုင်းရင်းသားလူမျိုးစု ညီအစ်ကိုမောင်နှမများအားလုံး စည်းကမ်းတကျနှင့်စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆင်နွှဲကြခြင်းဖြင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာအမွေအနှစ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းပြောကြားသည်။

၎င်းနောက် တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တန်ဆောင်တိုင်ပွဲတော်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စိန်နားပန်မီးပုံးပျံတစ်လုံးကိုလွှတ်တင်ပေး၍ တိုင်းရင်းသား၊ တိုင်းရင်းသူများက မီးပုံးပျံအလတ် အလုံး ၅၀၊ ကျောင်းသား၊ ကျောင်းသူ ၉၀၀ က မီးပုံးပျံအသေး ၃၀၀ လွှတ်တင်ပေးကာ မီးရှူး၊ မီးပန်းပစ်ဖောက်ပေးကြပြီး အဆိုတော် ဟိန်းကိုနှင့် အာကာဟိန်းတို့က "လှမ်းခဲ့ပါ ချယ်ရီမြေနှင့် မင်္ဂလာပါ မိုင်ဆုန်ခ" သီချင်းတို့ဖြင့်ဖျော်ဖြေ၍ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့နှင့် ပညာရေးဒီဂရီကောလိပ်အကအဖွဲ့တို့မှ တူညီအကဖြင့် ဖျော်ဖြေတင်ဆက်ပေးကြပြီး ခေတ်ပေါ်တေးဂီတတီးဝိုင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ညမီးကြီး ၂၂ ပေ ၂၅ လုံး၊ ၂၅ ပေ ၁၈ လုံး၊ စိန်နားပန် ၁၈ ပေ ၃၇ လုံး စုစုပေါင်း အလုံး ၈၀၊ နေ့လွှတ်အရုပ်မီးပုံးပျံ အရုပ်ခြေနှစ်ချောင်း ၁၉၃ လုံး၊ အရုပ်ခြေလေးချောင်း ၉၃ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်း ၃၆၁ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ညလွှတ်မီးပုံးပျံကို နေ့ရက်အလိုက် ည ၆ နာရီမှ ပွဲစဉ်ပြီးဆုံးသည်အထိ လွှတ်တင်သွားမည်ဖြစ်ကာ နေ့လွှတ်အရုပ်ပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နေ့ရက်အလိုက် လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ ၀၁ မိနစ် ၀၂ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၅၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဂန့်ဂေါမြို့၏အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၈၄ ဒီဂရီ၊ အနက် ၇၂ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဇလ)

# ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂၉

**ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီအတွင်းရေးမှူး ဦးခေါတိန့်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာလ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**




**ဦးခေါတိန့် (အတွင်းရေးမှူး၊ ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ)**

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ပြည်သူလူထု မဲဆန္ဒရှင်များ အားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီအတွင်းရေးမှူး ဦးခေါတိန့် ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီသည် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူလူထုကို အခြေခံဖွဲ့စည်းထားသော ကချင်ပြည်နယ်အကျိုးပြုပါတီဖြစ်ပါသည် ခင်ဗျာ။

"ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီကို မဲပေးစို့"

"လူသားအားလုံးရှင်သန်ဖို့ NDP(K) နှင့်ပူးပေါင်းစို့"

**ပါတီ၏ ရည်မှန်းချက်**

(က) ပြည်သူလူထုနှင့်လက်တွဲကာ စစ်မှန်သောငြိမ်းချမ်းရေးကို ထာဝစဉ်တည်ဆောက်မည်။

(ခ) လက်နက်ကိုင်ပဋိပက္ခလုံးဝချုပ်ငြိမ်းသည့် လူ့အဖွဲ့အစည်း တစ်ရပ်ထာဝစဉ်တည်ရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) တိုင်းရင်းသားပြည်သူလူထုအားလုံး၏ အခွင့်အရေးနှင့် လူမှုစီးပွားဘဝတစ်ပြေးညီ တန်းတူရည်တူဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်မည်။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုနိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

**ယုံကြည်ချက်**

(က) ပါတီသည် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" တည်းဟူသော အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ်ယုံကြည်ခံယူသည်။ ကချင်ပြည်နယ် နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျစီမံဆောင်ရွက်ခြင်းဖြင့် ဒီတာဝန်အရေးသုံးပါးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟုခံယူပါသည်။

**အခြေခံမူဝါဒ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးမူဝါဒကို ခိုင်မြဲစွာလက်ကိုင်ကျင့်သုံးသွားမည်။

(၂) ပြည်သူလူထုနှင့်လက်တွဲကာ ငြိမ်းချမ်းရေးကို ထာဝစဉ်တည်ဆောက်ပြီး ဒီမိုကရေစီကျင့်စဉ်ကိုအခြေခံ၍ ဒေသအကျိုး၊ ပြည်သူလူထုအကျိုးနှင့် တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်မည်။

(၃). နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ဒေသတည်ငြိမ်လုံခြုံမှုကို ထိပါးစေနိုင်သည့် အကြမ်းဖက်ဝါဒနှင့် ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်လာမည့် နယ်ချဲ့ဝါဒတို့ကိုဆန့်ကျင်တွန်းလှန်သွားမည်။

(၄) ပါတီသည် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၏ ဩဇာခံမှုမဖြစ်ရ၊ လွတ်လပ်စွာကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော နိုင်ငံရေးပါတီဖြစ်ပါသည်။

**စာမျက်နှာ ၁၃ သို့ ⊃**

# ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂၉

**ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်နော်ယုဇနဝါ က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာလ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**




**ဒေါ်နော်ယုဇနဝါ (ဒုတိယဥက္ကဋ္ဌ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များကို ဟောပြောထုတ်လွှင့်ခွင့်ပြုပေးသော နိုင်ငံတော်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာပြည်တစ်ဝန်းလုံး၌ မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူအားလုံးတို့ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေရန်နှင့် ကပ်ဘေးအပေါင်းမှ ကင်းဝေးကြပါစေဟု ဦးစွာနှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျွန်ုပ်တို့နေထိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ရှေးအစဉ်အဆက်က ကိုလိုနီနယ်ချဲ့စနစ်နှင့် ဖက်ဆစ်စနစ်တို့၏ ကျူးကျော်အုပ်စိုးလွှမ်းမိုးမှုကြောင့် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ငြိမ်းချမ်းခြင်းများကို နိုင်ငံသူ နိုင်ငံသားများ လက်လွတ်ဆုံးရှုံးခဲ့ကြရသည်။ ထိုစဉ်က တိုင်းရင်းသားအားလုံးတို့သည် စည်းလုံးညီညွတ်စွာဖြင့် နယ်ချဲ့ဆန့်ကျင်ရေးအတွက် အသက်ပေါင်းများစွာ စတေးခဲ့ကြရပြီး အေဒီ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့ ရောက်ရှိမှသာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ကြီးဖြစ်လာကာ ကမ္ဘာ့အလယ်တွင် မားမားမတ်မတ်ရပ်တည်နိုင်ခဲ့ကြသည်။

လောကကမ္ဘာ၌ လူအချင်းချင်း ကိုယ်ချင်းစာတရားကိုအခြေခံပြီး ဘက်လိုက်ခြင်း၊ ညှဉ်းဆဲခြင်း၊ အနိုင်ကျင့်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ကျူးကျော်ရန်စခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းမရှိပါက ပဋိပက္ခဟူသည့် တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်စုနှင့်တစ်စု၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံရန်ပြုခြင်း၊ တိုက်ခိုက်ခြင်းဖြစ်ပေါ်လာရန် အကြောင်းမရှိပေ။ ပဋိပက္ခများကြောင့်သာ လောကလူသားများလက်လွတ်ဆုံးရှုံးခဲ့ကြရပေသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် လူသားများနှင့်ဆိုင်သော လူမှုအခွင့်အရေးများကို အလေးထားမည်။ မထီမဲ့မြင်မပြုရ၊ လူသားတို့၏ အကျင့်သိက္ခာကို တန်ဖိုးထားလေးစားလိုက်နာမည်။ ရက်စက်ကြမ်းကြုတ်ခြင်းမပြု၊ ငြိမ်းချမ်းသောနည်းလမ်းဖြင့် အဖြေရှာမည်။ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ အသက်မွေးမြူခွင့်ရှိရမည်။ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ချို့ငဲ့ခြင်းကင်းရမည်။ တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော စစ်မှန်သောငြိမ်းချမ်းရေး ပေါ်ပေါက်လာစေရန် ကောင်းမွန်သောစိတ်ဆန္ဒဖြင့် တစိုက်မတ်မတ်ကြိုးစားဆောင်ရွက်သွားမည်ဟု တရားမျှတသော ယှဉ်ပြိုင်မှုဖြစ်ကြောင်း မဲဆန္ဒရှင်ပြည်နယ်သူ ပြည်နယ်သားများအား အသိပေးကြွေးကြော်ကြေညာပါသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် တိုင်းရင်းသားလူမျိုးများအချင်းချင်းညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး ညီညွတ်ရေးသဘောတရားတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်ကြီး၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ဖြစ်ထွန်းတည်တံ့စေရန်အလို့ငှာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အစအလယ်အဆုံး(၃)ပါးလုံး၌ တရားမျှတလွတ်လပ်သော ရွေးကောက်ပွဲဖြစ်ရန် ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းပါဝင်စေလိုပါသည်။ နိုင်ငံသားတိုင်း၏ အခွင့်အရေးကိုအာမခံနိုင်ရန် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်

**စာမျက်နှာ ၁၃ သို့ ❒**

⊃ စာမျက်နှာ ၁၂ မှအဆက်

**ပါတီ၏ ဆောင်ပုဒ်မှာ**

၁။ "ငြိမ်းချမ်းရေး"Peace

၂။ "တန်းတူညီမျှရေး"Equality

၃။ "စည်းလုံးညီညွတ်ရေး"Unity

၄။ "ဖွံ့ဖြိုးတိုးတက်ရေး" Development ဖြစ်ပါသည်ခင်ဗျာ။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီပါတီသစ် (ကချင်) New Democracy Party(Kachin) NDP(K) မိမိတို့ပါတီသည် နိုင်ငံရေးပါတီများနှင့်အတူ ကချင်ပြည်နယ်တွင် ကိုယ်စားလှယ်လောင်းများက လွှတ်တော်(၃)ရပ်တွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပါသည်။ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုမြန်မာနိုင်ငံတော် ရည်မှန်းချက်ပန်းတိုင်သို့ အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီသည် ကချင်ပြည်နယ် အခြေစိုက်ပါတီဖြစ်ပါ၍ ကချင်ပြည်နယ် ဒေသတိုင်းရင်းသားတို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူငယ်၊ အမျိုးသမီး၊ နိုင်ငံ့ဝန်ထမ်းများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုစာပေတို့တွင် အစွမ်းကုန်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အလေးအနက်ကတိသစ္စာပြုပါသည်။

"လူသားအားလုံးရှင်သန်ဖို့ NDP(K)နှင့် ပူးပေါင်းစို့"

"ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီကိုမဲပေးစို့"

မဲဆန္ဒရှင်ပြည်သူလူထု၊ တိုင်းရင်းသားများအားလုံး၏ တန်ဖိုးရှိလှစွာသော ဆန္ဒမဲများကို ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီကို မဲပေးကြဖို့ မေတ္တာဖြင့် တောင်းခံအပ်ပါသည်ခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါသည်။

**(၁)သီချင်းခေါင်းစဉ်အမည်= ဒီမိုကရေစီပါတီသစ်(ကချင်)**

V1; ဒါဒို့ပြည် ဒါဒို့မြေ ဒို့ပြည် ဒို့မြေ ဒို့ပါတီ ဒီမိုကရေစီပါတီသစ်(ကချင်) ထွန်းလင်းတောက်ပနေပြီနော်

CHO; ပြည်သူများရဲ့ရင်မှာဖွား ပြည်သူများက ပိုင်ဆိုင်ထား ထိန်းသိမ်းကြမယ် ဒို့ရိုးရာ ဆောင်ရွက်ကြမယ် ဒို့ဌာနေဖွံ့ဖြိုးစေရမည် မိဘပြည်သူမောင်မယ်များ စည်းလုံးခြင်းသည် အင်အား ဟေး ဟေး NDP ကချင်ပါတီ NDP ကချင်ပါတီ NDP ကချင်ပါတီ ထွန်းလင်းတောက်ပနေပြီနော်

**(၂)သီချင်းခေါင်းစဉ်အမည်=ပြည်သူချစ်သည့်ပါတီ**

V1; စစ်မှန်သောပါတီပေါ်ထွက်လာပြီ ပြည်သူတွေဝမ်းမြောက်ကြသည် ဒီမိုကရေစီပါတီသစ် ရှေ့ကိုချီ ဒေသအကျိုးသယ်ပိုးသွားမည်

V2; ထာဝရငြိမ်းချမ်းရေးရှေးရှုပါသည် သာယာဝပြောတိုးတက်ဖို့ရည် ဘာသာယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံလေးစားကာ ထိန်းသိမ်းသွားမည်

Cho; NDP NDP ပြည်သူတွေအားကိုးထိုက်ပါသည်။ NDP NDP ပါတီ ဒေသအကျိုးဦးထိပ်ထားပါမည် အပြောနဲ့အလုပ်လက်တွေ့ပြမည် ဒီမိုကရေစီပါတီသစ်(ကချင်)

---

❐ စာမျက်နှာ ၁၂ မှအဆက်

ပြည်နယ်လွှတ်တော်အသီးသီးတို့တွင် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားပြုခွင့်ကို မဲဆန္ဒရှင်ပြည်သူပြည်သားများအား အသိပေးခြင်းဖြစ်ပါသည်။

**ကျွန်ုပ်တို့ပါတီသည်**

(က) ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးမူဝါဒ

( ခ ) အချင်းချင်း မိတ်ဝတ်မပျက်ပေါင်းသင်းဆက်ဆံရေးမူဝါဒနှင့်

( ဂ ) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒ စသည်တို့ဖြင့် ဦးတည်ချက် ချမှတ်တည်ထောင်ထားသော ပါတီကြီးဖြစ်သည်။ ဤမျှသည်မကဘဲ အကြမ်းမဖက်သော၊ အကြမ်းဖက်အုပ်ချုပ်မှုမရှိသော နိုင်ငံရေးမူဝါဒကို ကျင့်သုံးဆောက်တည်သည့် ပါတီကြီးဖြစ်ပါသည်။

ကျွန်ုပ်တို့ပါတီသည် မညှဉ်းဆဲခြင်း(အဟိံသ)၊ အမှန်ကိုသာပြောဆိုခြင်း (အသစ္စဘာသန)၊ မခိုးဝှက်ခြင်း(အထေယျ)၊ မြတ်သောအကျင့်ကျင့်ခြင်း (ဗြဟ္မစရိယ)၊ မိမိအတွက်မသိမ်းပိုက်ခြင်း(အပရိဂ္ဂဟ) တည်းဟူသော လူသားတို့၏ ကျင့်ဝတ်(၅)ဖြာ ကိုလည်း လေးစားလိုက်နာသောပါတီကြီးဖြစ်သည်။ ကိုယ်ကျင့်သိက္ခာကို အဓိကထားပြီး မြင့်မြတ်တန်ဖိုးရှိသော လူမှုဘဝတည်ထောင်ရေးအတွက် လမ်းညွှန်ပြသောပါတီကြီးဖြစ်သည်။ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ အများပြည်သူအတွက် အနစ်နာခံနိုင်သူများအဖြစ် စုပေါင်း၍ ကြိုးစားအားထုတ်ဆောင်ရွက်မည့်ပါတီဖြစ်ပါသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ အခြေခံမူဝါဒများမှာ အောက်တွင် ဖော်ပြပါအတိုင်းဖြစ်ပါသည်။

(၁) ကရင်အမျိုးသားတို့၏ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့နှင့် ထုံးတမ်းအစဉ်အလာတို့ကို ထိန်းသိမ်းစောင့်ရှောက်မည်။

(၂) လွတ်လပ်မှုနှင့်သက်ဆိုင်သောအခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် အမျိုးသားအခွင့်အရေးများကို ကရင်အမျိုးသားအသိုင်းအဝိုင်းအတွင်း၌သာမကဘဲ မိမိနှင့်သက်ဆိုင်သော လူ့ဘောင်အသိုင်းအဝိုင်းတစ်ရပ်လုံး ရရှိခံစားနိုင်အောင် သက်ဝင်လှုပ်ရှားကြိုးပမ်းဆောင်ရွက်မည်။

(၃) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသောပြည်ထောင်စုကြီး တည်ထောင်ရာတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုရှိရေး၊ သာတူညီမျှမှုရှိရေး၊ မှန်ကန်မှုနှင့် တရားမျှတမှုရှိရေး၊ ငြိမ်းချမ်းမှုရရှိရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်မည်။

(၄) ကရင်တစ်မျိုးသားလုံးနှင့် တိုင်းရင်းသားအားလုံးအတွက် လွတ်လပ်ပြီး ငြိမ်းချမ်းသာယာဝပြောသောဘဝကို ဖန်တီးနိုင်ရန် ကြီးနိုင်ငယ်ညှဉ်းမူဝါဒကို ဆန့်ကျင်ကန့်ကွက်တိုက်ဖျက်မည်။

(၅) ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားနှင့် လူမှုဘဝသာယာဝပြောရေးအတွက် မည်သူ့ကိုမျှမထိခိုက်စေဘဲ တရားဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်မည်။

(၆) ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် မူဝါဒများ၊ ပြုမူဆောင်ရွက်ချက်များကို တရားဥပဒေနှင့်အညီ အစွမ်းကုန် ခုခံကာကွယ်ဆောင်ရွက်မည်။

(၇) ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာများ စသည်တို့ကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်ဆောင်ရွက်မည်။

ယနေ့ခေတ်ကာလ၌ လူသားအဖွဲ့အစည်းအသီးသီးတွင် ကိုယ်ပိုင်အမြင်ရှိကြသည်။ ကိုယ်ပိုင်ခံယူချက်လည်းရှိကြသည်။ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်ခံယူချက်ဖြင့် အရာခပ်သိမ်းကို ရှုမြင်သုံးသပ်တတ်ကြပေသည်။ ထိုသို့ရှုမြင်သုံးသပ်ခြင်းသည် မွေးရာပါလူ့အခွင့်အရေးပင်ဖြစ်သည်။

ယနေ့ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့လူမှုအဖွဲ့အစည်းတိုင်းကို ကြည့်မည်ဆိုပါက အသိပညာခေါင်းပါးမှု၊ လောဘ၊ ဒေါသကြီးမားမှု၊ သဘာဝဘေး၊ ရောဂါထူပြောမှုများကြောင့် ကမ္ဘာ့လူသားများ ပင်ပန်းခက်ခဲစွာ လုပ်ကိုင်စားသောက်နေထိုင်ကြရပေသည်။ ထိုသို့ဖြစ်ရသည်မှာ မမှန်ကန်သော နိုင်ငံရေးဝါဒ၊ မမှန်ကန်သော ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ဖြစ်ရသည်ဆိုပါက ငြင်းဆန်ရန်ခက်ခဲပေလိမ့်မည်။ ထို့ကြောင့်လည်း လူမှုအဖွဲ့အစည်းများ၌ ပဋိပက္ခနှင့် ပြဿနာများ ထူပြောလာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လူမှုအဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုပြိုကွဲလာကာ ကျူးကျော်မှု၊ ရန်ပြုမှုများကြောင့် လူမှုရေးအဆောက်အအုံကြီးတစ်ခုလုံးအတွက် စိုးရိမ်ကြောင့်ကြစရာကြီးဖြစ်လာပါသည်။

ထိုသို့မဖြစ်ရလေအောင် ကျွန်ုပ်တို့ပါတီကြီးက ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့်အတူ ကရင်အမျိုးသားတို့၏ တန်းတူညီမျှရေး၊ တရားမျှတရေး၊ လွတ်လပ်ရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကို အခြေခံပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ရည်မှန်းချက်ကြီးစွာထားရှိသော ပါတီကြီးဖြစ်ပါသည်။

( ၁ ) လူသားတို့၏ အခွင့်အရေး(သက်ရှိမှန်သမျှ) ကို လေးစားမည်။

( ၂ ) အကြမ်းမဖက်ခြင်းတရား(အဟိံသ)၊ မှန်ကန်မှုတရား(truth)၊ တရားမျှတခြင်း(Justice)တို့ကိုလေးစားလိုက်နာမည်။

( ၃ ) တရားမျှတသော မိတ်ဝတ်မပျက် ပူးပေါင်းဆောင်ရွက်ခြင်းမူနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးမူများကို လိုက်နာမည်။

( ၄ ) မတရားမှုဟူသမျှကို ပြည်သူနှင့်အတူ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆန့်ကျင်တိုက်ဖျက်မည်။

( ၅ ) မြန်မာအမျိုးသားများ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို မပျောက်မပျက်အောင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းကိုအားပေးကူညီမည်၊

( ၆ ) လူသားတိုင်း စိုးရိမ်ကြောက်ရွံ့ခြင်းမှ ကင်းဝေးအောင် မှန်ကန်မှု၊ အကြမ်းမဖက်မှု၊ တရားမျှတမှုများ ထွန်းကားလာအောင် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်။

( ၇ ) မိမိတိုင်းပြည်အပေါ် မတရားကိုင်တွယ်ခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ ခြယ်လှယ်ခြင်း၊ အခွင့်အာဏာသုံးခြင်း၊ ဖိနှိပ်ခြင်းများ ပြုလာသူဟူသမျှ ကင်းဝေးစေရန် ပြည်သူများနှင့်အတူ အကြမ်းမဖက်သောနည်းလမ်းဖြင့် အောင်မြင်မှုရသည်တိုင်အောင် ပူးပေါင်းဆောင်ရွက်မည်။

( ၈ ) ကြီးနိုင်ငယ်ညှဉ်းမပြုခြင်းကိုလိုက်နာပြီး လူသားမဆန်သော ခွဲခြားဆက်ဆံမှု၊ ဘက်လိုက်မှု၊ လူမှုပစ်ပယ်မှုများကို ရှောင်ရှားမည်။

( ၉ ) အရာခပ်သိမ်းကိုလေးစားမှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုဖြင့် ဆက်ဆံမည်။

(၁၀) မိမိတို့၏ အတွင်းစိတ်ရောင့်ရဲမှုကို ကြံ့ခိုင်အောင်တည်ဆောက်ပြီး ဆင်ခြင်ခြင်း၊ သုံးသပ်ခြင်း၊ စူးစမ်းခြင်း၊ တွေးခေါ်ခြင်း၊ စွန့်စားခြင်းများကို (အသိ၊ ပညာ၊ သတ္တိ) သုံးမျိုးကိုအသုံးချ၍ လူမှုဆင်းရဲခြင်းမှ ကင်းဝေးအောင် ဆောင်ရွက်မည်။

(၁၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားများနှင့်အတူ ငြိမ်းချမ်းသာယာဝပြောရေး၊ စည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲအောင် အားထုတ်ဖော်ဆောင်မည်။

(၁၂) အမျိုးသားအကျိုးစီးပွားကိုလည်းကောင်း၊ လူမျိုးကိုလည်းကောင်း ဖျက်ဆီးတိုက်ဖျက် ဝါးမျိုမည့်နိုင်ငံရေးမူဝါဒ၊ အန္တရာယ်ပေးမည့် အယူအဆနှင့် မှားယွင်းသောလုပ်ရပ်များကို ဥပဒေနှင့်အညီ ခုခံကာကွယ်ဆောင်ရွက်မည်။

(၁၃) တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာများကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်မည်။

(၁၄) ကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ အများအကျိုးကို ဦးစားပေးကာ အမုန်းမစွက် အကြမ်းမဖက် ဘက်လိုက်မှုကင်းသော နိုင်ငံရေးမူဝါဒကိုလက်ကိုင်ထားလျက် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို တိုင်းရင်းသားညီနောင်များနှင့် အတူတကွပူးပေါင်းတည်ဆောက်မည်ဟူသော နိုင်ငံရေးမူဝါဒများထားရှိလျက်သဘောထားကြီးစွာဖြင့် ကြိုးစားအားထုတ်ဆောင်ရွက်ပါမည်ဟု မိမိတို့၏ပါတီသဘောထားအား ပန်ကြားအသိပေးအပ်ပါသည်။

ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် ရည်ရွယ်ချက်သဘောထားများကိုအခြေခံပြီး အောက်ပါလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(၁) ကရင်လူမျိုးတို့၏အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပေါ်ပေါက်လာမည့် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဖော်ဆောင်မည်။

(၂) ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများသာမက အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားတို့၏အကျိုးစီးပွားကို ဥပဒေနှင့်အညီဖော်ဆောင်မည်။

(၃) ကရင်အမျိုးသားတို့၏ အရေးကိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်။

(၄) ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားများအားလုံး အတူတကွစည်းလုံးညီညွတ်စွာဖြင့် ကရင်အမျိုးသားတို့၏ အကျိုးစီးပွားအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် နည်းလမ်းရှာဖွေမည်။

(၅) ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးနှင့် လူမှုရေးတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ကူညီစောင့်ရှောက်မည်။

(၆) အမုန်းမစွက်၊ အကြမ်းမဖက်သော နိုင်ငံရေးမူဝါဒကို လက်ခံထားပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက် ရည်ရွယ်ကာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်။

(၇) စစ်မှန်သောထာဝရငြိမ်းချမ်းရေး ဖြစ်ပေါ်လာစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မည်ဟု လုပ်ငန်းစဉ်များချမှတ်ထားပါသည်။

**မေတ္တာအာသီသ**

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်ရှိ ပြည်နယ်သူ ပြည်နယ်သားများနှင့်အတူ ဖြစ်တည်ပေါ်ပေါက်လာသော ပါတီကြီးတစ်ခုဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်သူ ပြည်နယ်သားတို့၏ လူမှုအကျိုးစီးပွားကိစ္စရပ်များသာမက **စာမျက်နှာ ၁၄ သို့** ❐

❒ စာမျက်နှာ ၁၃ မှအဆက်

ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကိုပါ ပြည်နယ်သူ ပြည်နယ်သားများနှင့်အတူ ဒုက္ခသုခများကို အတူတကွမျှဝေခံစား တွေ့ကြုံသိမြင်နေရသောပါတီဖြစ်သည်။ သို့ဖြစ်၍ လက်ရှိဖြစ်ပေါ်နေသောနိုင်ငံရေးအခင်းအကျင်း၊ ပဋိပက္ခအခြေအနေများကို ကျော်လွှားနိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်နယ်သူ ပြည်နယ်သားတို့၏ ငြိမ်းချမ်းသောစိတ်ဆန္ဒဖြင့် အားပေးထောက်ခံမှုများကို ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ အထူးလိုလားလျက်ရှိပါသည်။

ယခုလာမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကရင်ပြည်နယ်တစ်ခုလုံး၏ လွှတ်တော်(၃)ရပ်လုံး၌ ကျွန်ုပ်တို့၏ပါတီသည် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ (သို့မဟုတ်) ဖြစ်သောကြောင့် မဲဆန္ဒရှင်များအနေဖြင့် မိမိတို့၏ တန်ဖိုးထားသော ဆန္ဒမဲများကို ရွေးကောက်ပွဲတွင် အတူတကွပူးပေါင်းပါဝင်ပေးနိုင်ကြပါရန် မေတ္တာအသီသဖြင့် ဆန္ဒပြုအသိပေးအပ်ပါသည်။

လောက၌ မည်သည့်အကျိုးအာနိသင်များ၌မဆို လွတ်လပ်စွာခံစားခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာနေထိုင်လုပ်ကိုင်ခွင့် ဟူသော အခွင့်အရေးအတွက် မည်သည့်ဥပဒေမျှဖြင့် မဆန့်ကျင်ဘဲ (က)လွတ်လပ်ခြင်း၊ (ခ)ညီညွတ်ခြင်း၊ (ဂ)တရားမျှတခြင်းဟူသော အမျိုးသားရေးအနှစ်သာရ(၃)ပါးကို နှလုံးသွင်းလျက် လောကပါလတရား ပြည့်စုံထွန်းကားစေရန် အကျွန်ုပ်တို့ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီက တာဝန်ယူဆောင်ရွက်ပေးပါမည်ဟု အလေးအနက်ကတိပြုပါသည်။ ရဟန်းရှင်လူ ပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။ ကပ်ဘေးအပေါင်းမှ ကင်းစင်လွတ်မြောက်နိုင်ကြပါစေဟု ဆုတောင်းပေးလျက် နိဂုံးချုပ်အပ်ပါသတည်း။

အ့ဲဆံင်းလာဆာ်။

အိဉ်ဆူဉ်လကီ။

### ဖျုံ-စိုZ တိုင်ဏိုင်းဏိုင်

ဆူ့ဏောဝ် – ကျဝ်အဲဆိုင်

ကော့ာဟ်လူသဝ်သဝ့် ဖျုံ-စိုZလဝ့်
ခိုလူ့သဝ်သဝ့် ဖျုံ-စိုZလဝ့်
ဖျုံ-စိုZ ဖျုံ-စိုZ ကော့ာဟ်ခိုအ့်ဏါင်း ဖျုံ-စိုZ
မ့်ကေဝ်ယှံင် မျေင်ႋစိင်တဝ်တဝ်လဝ့်
CHO မာန်ယိုဝ်း မာန်ယိုဝ် လေးလေး (လေးလေး)၂ မာန်ယိုဝ်း
ဓးအ့်တိုင်ဏိုင်းဏိုင် မာန်ယိုဝ်း မာန်ယိုဝ် လေးလေး
လေလေး လေလေး မာန်ယိုဝ်း အ့်မျတိုင်ဏိုင်းဏိုင် . . .
V အေး . . . ဟေ မြန်မာပြည်မှာနေ မြန်မာတန်ဖိုးသိရမယ်လေ
လက်တွဲကြစို့ဟေ… အေး … ဟေ မြန်မာပြည်မှာလေ ဘယ်နိုင်ငံမှ
မရှိတဲ့အရာတွေ ကျုပ်တို့ဆီမှာ ရှိတယ်ဟေ့ အေး … ဟေ
မြန်မာနိုင်ငံမှာနေ မြန်မာတန်ဖိုးသိရမယ်လေ အတူလက်တွဲကြစို့လေ …..
အေးဟေ ခါန့်ႋမျေင်ႋမာတိုင်ဏိုင်
ခါန့်ႋချင့်ဃှါင်ဃှံင်လ့်ဓးပါတိုင့် ဖျုံထို့ခါန့်ႋသီးဍဝ်တိုင်ဏိုင်းဏိုင်
CHO မာန်ယိုဝ်း မာန်ယိုဝ် လေးလေး လေးလေး လေးလေး မာန်ယိုဝ်း
ဓးအ့်တိုင်ဏိုင်းဏိုင် မာန်ယိုဝ်း မာန်ယဝ် လေးလေး
လေလေး လေလေး မာန်ယိုဝ်း အ့်ဝေ့တိုင်ဏိုင်းဏိုင် . . .

---

ဖားစည်မါန်သံ ဖလုံစဝေါ်ထံသို့ ---
ကျွဲချိုလွင့်သံ ဖလုံစဝေါ်ထံသို့ ---
ဖလုံစဝေါ် ဖလုံစဝေါ် ဖါးစည် ကျွဲချိုသက်သေတည်
ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီ ---
မောင်ရှိး မောင်ရှိး လေးလေး
လေးလေး လေးလေး မောင်ရှိး
ဘားအောတိန်နိန်းနိန် အောမျတိန်နိန်းနိန်
ဘာသာပြန် - မောင်ရှိးလေးလေးသည် စည်းလုံးညီညာအောင်ကြောင်းဖြာဟူသော ကရင်ကြိုးဝါးသံဖြစ်သည်။ ဥပမာအားဖြင့် လှေလှော်ပြိုင်ပွဲ ကရင်ဒုံးအကပြိုင်ပွဲတို့တွင် သီဆိုကြုံးဝါးလေ့ရှိသည်။
အေးအေးအေးဟေ မြန်မာပြည်သာလျှင် အကောင်းဆုံးဖြစ်သည်။ တိုင်းတစ်ပါးကို အားကျအတုယူရာမလိုလောက်အောင်ပင် မြန်မာနိုင်ငံ၏ ကရင်ပြည်နယ်သည်လည်း အကောင်းတကာ့ အကောင်းဆုံးဟူ၍ တည်ရှိနေပါသည်။

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ




နေပြည်တော် အောက်တိုဘာ ၂၉

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။


ဟောပြောပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်များသည် မိမိတို့၏ တန်ဖိုးမဖြတ်နိုင်သည့် လက်ရှိလူငယ်ဘဝကို တန်ဖိုးထားပြီး လမ်းမှားမရောက်အောင် မိမိကိုယ်ကို ထိန်းသိမ်းတည့်မတ်ရင်း ပညာပြည့်ဝနှလုံးလှသည့် လူတော်လူကောင်းများဖြစ်စေရန် ယခုအချိန်ကတည်းက ကြိုးစားကြရန်လိုအပ်ကြောင်း၊ လူငယ်များအနေဖြင့် ဘဝကို မြင့်မားတိုးတက်ရန် လက်ရှိ ကျောင်းသား၊ ကျောင်းသူဘဝကတည်းက ပညာပြည့်ဝ နှလုံးလှသည့်လူဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်ရေးရာအသိပညာပေး ဆွေးနွေးဟောပြောသည့် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) ကို ဂုဏ်ပြုလက်ဆောင်နှင့်အမှတ်(၁၂)အခြေခံ ပညာအထက်တန်းကျောင်းအတွက် အလှူငွေကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)က "လူငယ်နှင့်မျိုးချစ်စိတ်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး နေပြည်တော်လူငယ်ရေးရာ တာဝန်ခံက ကျောင်းသား၊ ကျောင်းသူများကို ဉာဏ်စမ်းပဟေဠိမေးမြန်းခြင်းနှင့် ဆုလက်ဆောင်ပေးအပ်ခြင်းများဆောင်ရွက်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒက္ခိဏသီရိမြို့နယ်နှင့်လယ်ဝေးမြို့ အတွင်းရှိ လမ်းပိုင်းများပြုပြင်နေမှု၊ လမ်းဘေးပလက်ဖောင်းများနှင့် ကပ်တိုးများပြန်လည်ပြုပြင်နေမှုနှင့် လမ်းဘေးမြေယာရှင်းလင်းများ သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အား တိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်အချိန် ပြီးစီးစေရေး မှာကြားခဲ့ကြောင်း သိရသည်။


တင်စိုးလွင်




➪ ကျောဖုံးမှအဆက်

လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၅ ရက် အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့်ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။




(မိုး/ဇလ)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၉

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

✯ စာမျက်နှာ ၁၇ မှအဆက်

မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့သည်။

ယနေ့ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစုမဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင်စုစုပေါင်း အပင် ၉၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၇၀၈၄၀၈၁၀ နှင့် ငွေသားတန်ဖိုးငွေကျပ် ၁၂၅၀၅၃၄၅၀ ဖြစ်သဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၉၅၈၉၄၂၆၀ ကို လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့်ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစုမဟာဘုံကထိန်အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များအား သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်စဉ်။

# ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံး အားကစားပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၉

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ ညနေပိုင်းတွင် အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အဖြစ် အုပ်စု(က)မှ အုပ်စုပထမဖြစ်သည့် ရန်ကုန်ဇုန်(က)အသင်းနှင့် အုပ်စု(ခ)မှ အုပ်စုဒုတိယဖြစ်သည့် ရန်ကုန်ဇုန်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အကြိုဗိုလ်လုပွဲသို့ ပညာရေးဝန်ကြီးဌာနရှိဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၊ နည်းပြ၊ အုပ်ချုပ်သူများနှင့် ပညာရေးဝန်ကြီးဌာနရှိဦးစီးဌာနများမှ ဝန်ထမ်းများ၊ မိသားစုများ လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရန်ကုန်ဇုန်(က)အသင်းနှင့် ရန်ကုန်ဇုန်(ခ) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ရန်ကုန်ဇုန်(က)အသင်းက ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။


အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်ကို အောက်တိုဘာလ ၃၀ ရက် ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အုပ်စု(က)မှ အုပ်စုဒုတိယဖြစ်သည့် မန္တလေးဇုန်(ခ) အသင်းနှင့် အုပ်စု(ခ)မှ အုပ်စုပထမဖြစ်သည့်မန္တလေးဇုန်(က)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အနိုင်ရရှိသည့် အသင်းက ဗိုလ်လုပွဲသို့ တက်ရောက်မည်ဖြစ်သည်။

ဇဟိုအဆင့်အမျိုးသားဘောလုံးပြိုင်ပွဲကို အောက်တိုဘာလ ၂၆ ရက်မှ နိုဝင်ဘာလ ၁ ရက်အထိ နေပြည်တော်၌ အားကစားသမားများ၊ အုပ်ချုပ်၊ နည်းပြစုစုပေါင်း ၁၂၅ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ယခုပြိုင်ပွဲများမှတစ်ဆင့် ထူးချွန်ထက်မြက်သော အားကစားသမားများကို ပညာရေးဝန်ကြီးဌာနလက်ရွေးစင်အဖြစ် ရွေးချယ်ပြီး အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတို့တွင် ဆက်လက်ယှဉ်ပြိုင်နိုင်ရေး ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပညာရေးဒီဂရီကောလိပ်များသည် လေးနှစ်သင် သင်တန်းဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများအား အားကစားထူးချွန်စေရန် စနစ်တကျလေ့ကျင့်ပျိုးထောင်သည့် အခွင့်အလမ်းရှိပြီး ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်အတွက်အားထားရသော မျိုးဆက်သစ် အားကစားသမားများကို လေ့ကျင့်ပြုစုပျိုးထောင်၍မွေးထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကြို့ပင်ကောက် | (၁.၃၈)လက်မ |
| ရွှာင် | (၁.၁၄)လက်မ |
| လယ်ဝေး | (၁.၀၆)လက်မ |
| ထားဝယ် | (၁.၀၆)လက်မ |
| ဖျာပုံ | (၀.၈၇)လက်မ |
| ပြင်ဦးလွင် | (၀.၇၁)လက်မ |
| မြိတ် | (၀.၅၉)လက်မ |
| ကော့သောင်း | (၀.၃၂)လက်မ |
| ငါးသိုင်းချောင်း | (၀.၁၆)လက်မ |
| လပွတ္တာ | (၀.၁၆)လက်မ |
| ဂန့်ဂေါ | (၀.၁၂)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မြင်းခြံ | ၃၇.၇°C |
| ချောက် | ၃၇.၆°C |
| မြင်းမူ | ၃၇.၅°C |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၇°C |
| ပခုက္ကူ | ၃၇°C |
| ရွှေကျင် | ၃၆.၅°C |
| ဆင်ဖြူကျွန်း | ၃၆.၅°C |
| မုံရွာ | ၃၆.၅°C |
| စစ်ကိုင်း | ၃၆.၅°C |
| မြဝတီ | ၃၆.၅°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၁ | ၃၂ |
| ရှမ်း(မြောက်) | ၁၇ | ၂၁ |
| ရှမ်း(အရှေ့) | ၁၉ | ၃၄ |
| ရှမ်း(တောင်) | ၁၆ | ၂၉ |
| ချင်း | ၁၄ | ၂၃ |
| စစ်ကိုင်း(အထက်) | ၂၀ | ၃၃ |
| စစ်ကိုင်း(အောက်) | ၂၃ | ၃၅ |
| နေပြည်တော် | ၂၄ | ၃၄ |
| မန္တလေး | ၂၅ | ၃၆ |
| မကွေး | ၂၃ | ၃၅ |
| ရခိုင် | ၂၂ | ၃၄ |
| ပဲခူး | ၂၃ | ၃၅ |
| ရန်ကုန် | ၂၄ | ၃၃ |
| ဧရာဝတီ | ၂၃ | ၃၄ |
| ကယား | ၁၆ | ၃၀ |
| ကရင် | ၂၂ | ၃၆ |
| မွန် | ၂၄ | ၃၅ |
| တနင်္သာရီ | ၂၂ | ၃၁ |

## အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “မွန်ထာ” တဖြည်းဖြည်းအားလျော့သွားမည်ဟုခန့်မှန်း

နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ကာကီနာဒါမြို့တောင်ဘက်မှ ဖြတ်ကျော်ခဲ့သော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မွန်ထာ”(MONTHA)သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ် ကုန်းတွင်းပိုင်းဒေသများသို့ ရောက်ရှိခဲ့ကာ ဆိုင်ကလုန်းမုန်တိုင်း“မွန်ထာ”(MONTHA) အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း“မွန်ထာ”သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

# ယနေ့ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင်စုစုပေါင်း အပင် ၉၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၇၀၈၄၀၈၁၀ နှင့် ငွေသားတန်ဖိုးငွေကျပ် ၁၂၅၀၅၃၄၅၀ ဖြစ်သဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၉၅၈၉၄၂၆၀ ကို လှူဒါန်းခဲ့ . . .

★ ရှေ့ဖုံးမှအဆက်

အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများအမှူးပြုသည့်ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန်ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကိုနာယူကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကထိန်ခံ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းကန်ဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ ကထိန်လျာသင်္ကန်းကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ကြီးထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များသည် ရေဆင်းကန်ဦးကျောင်းတိုက်မှ ဆရာတော်နှစ်ပါးတို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းကြပြီး အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစု မဟာဘုံကထိန်အလှူတော်အဖြစ်



လှူဒါန်းထားသည့် ပဒေသာပင်များအား အောက်တိုဘာလ ၂၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့

**စာမျက်နှာ ၁၅ သို့** ☆

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန်ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။



ဆရာတော်ထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ကလှူဒါန်းသည့်ပဒေသာပင်ကို တာဝန်ရှိသူတစ်ဦးက ဆက်ကပ်လှူဒါန်းစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Families of Office of Commander-in-Chief (Army, Navy and Air) hold Maha Communal Kathina ceremony for 2025



Senior General Min Aung Hlaing observes kathina robes and offertories hung on decorated stands.



Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing and Daw Kyu Kyu Hla present robes and offertories to a Sayadaw.

NAY PYI TAW October 29

Families of Office of the Commander-in-Chief (Army, Navy and Air) held the Maha Communal Kathina ceremony for 2025 this morning at Anawratha Hall of Office of the Commander-in-Chief (Army), attended by Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, who donated kathina robes and offertories.

Present were 27 Sayadaws led by Chairman of State Sangha Maha Nayaka Committee Patron of Minkyaung Pahtamabyanpariyatti school in Thanlyin Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa, Secretary of SSMNC Patron of Masoeyein Taikthit monastery Sayadaw of Dhamma Thamaindi Pariyatti school Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa and Oavadacariya Sayadaws of Board of Trustees of Uppatasanti Pagoda. Also attended the ceremony together with the Senior General and wife were SSPC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, SSPC member Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, union level dignitaries and wives, senior military officers from the Office of the Commander-in-Chief and wives, officers, other ranks and families.

The Senior General and wife and attendees looked around the kathina robes and offertories hung on decorated stands. The Senior General paid homage and presented a meal in Emerald Bowl, flowers, water and lights to Buddha Image in the Anawrahta Hall.

According to the agenda, the congregation opened the ceremony by reciting namotassa three times and received the Nine Precepts from the SSMNC Chairman Sayadaw.

Sayadaws recited religious sermons. The Senior General and wife presented kathina robes to Sayadaw Agga Maha Pandita Bhaddanta Vilasa of Yezin KanU monastery, the kathina offerings recipient monastery, in Zeyathiri Township and kathina robes and offertories to the SSMNC Chairman Sayadaw.

The Vice-Senior General and wife presented kathina robes and offertories to SSMNC Secretary Sayadaw.

See Page - 19





The Kathina procession in progress.

■■ From Page - 18

Union level dignitaries and wives, the SSPC member and wife, and senior military officers and wives presented kathina robes and offertories to Sayadaws.

The Senior General and wife and the congregation revered the two Sayadaws of Yezin KanU monastery conducting a kathina question and answer session.

The SSMNC Secretary Sayadaw delivered a sermon and merits gained were shared.

After concluding the ceremony with the recitation of Buddha sasanam ciramtithatu three times, the Senior General and wife and the congregation offered day meal to Sayadaws led by the SSMNC Chairman Sayadaw.

The decorated stands where kathina robes and offertories were hung were conveyed from Anawrahta Hall in the compound of the Office of the Commander-in-Chief (Army) to Uppatasanti Pagoda in a motorcade on 27 October.

The relevant departments and sections of Office of the Commander-in-Chief (Army, Navy and Air) donated 90 decorated stands with Ks-170,840,810 worth of in-kinds and Ks-125,053,450 worth of cash, totalling Ks-295,894,260 at the ceremony and transported the donations to the relevant monasteries by car.

**100**



Admiral Htein Win and wife present robes and offertories to a Sayadaw.



General Tun Aung and wife present robes and offertories to a Sayadaw.

# More than 30,000 acres of groundnut cultivated in Budalin Township

BUDALIN October 29

Statistics of Budalin Township Agriculture Department stated that local farmers planted 32,164 acres of groundnut as monsoon crops in Budalin Township of Sagaing Region.

In the 2025–2026 monsoon cropping season, Budalin Township has planned to cultivate 34,700 acres of groundnut. Planting began in May this year, and as of today, 32,164 acres have been cultivated, according to reports.

"This monsoon season, we have planned to plant over 34,000 acres of groundnut in Budalin Township. So far, over 32,000 acres have been cultivated. We are working to ensure the target acreage is met. As an oil crop, the prospects are good, and groundnut cultivation has been improving year by year," said U Phyo Wai, Head of the Budalin Township Agriculture Department.

For groundnut cultivation in Budalin Township, one and a half baskets of seed are sown per acre. The total cost per acre including seed, labour charge, fertilizer, and pesticide expenses is reported to exceed Ks-200,000. Each acre yields over 50 baskets on average.

This year, to ensure the success of groundnut fields in Budalin Township, prevent pest and disease outbreaks, and maintain weed-free conditions, staff from the Township Agriculture Department have been making field inspections and recording monitoring data.

**SK**

# Naga Self-Administered Zone cultivates over 26,000 acres of rainfed paddy

NAGA October 29

A total of 26,529 acres of paddy have been planted in the Naga Self-Administered Zone during this year rain crops planting season, according to the statistics of the Department of Agriculture for Sagaing Region.

During the 2025-2026 rain crops planting season, 25,400 acres of paddy have been planned for the Naga Self-Administered Zone, and planting has begun since May this year, and 26,529 acres have been planted to date.

"We are providing the necessary technology and varieties for rainy season cultivation. We are conducting field visits to help farmers plant paddy on time," said Dr. Tin Mar Oo, Assistant Director of the Department of Agriculture for Sagaing Region.

This year, the total area of rainfed paddy cultivation in the Naga Self-Administered Zone by township is as per following: 3,217 acres in Leshi Township, 2,028 acres in Sum Ma Rar Sub-Township, 5,884 acres in Lahe Township, 1,511 acres in Htanparkway Sub-Township, 3,201 acres in Nanyun Township, 4,909 acres in Donhee Sub-Township and 5,779 acres in Pansawng Sub-Township, totaling 26,529 acres.

**SK**

# Myaung Township grows over 1,300 acres of rainfed green grams

MYAUNG October 29

More than 1,300 acres of green grams have been planted in Myaung Township, Sagaing District, Sagaing Region during this year's rain crops planting season, according to the statistics of the Department of Agriculture for Sagaing District.

In the 2025-2026 rain crops planting season, Myaung Township has planned to plant 3,057 acres of green grams, and planting has begun since May this year, and 1,302 acres have been planted to date.

"We are continuing to plant green grams. We are working to ensure that the target acres of green grams are planted. We are also conducting field visits to provide necessary technologies, varieties, and pest and disease prevention methods during the rainy season," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

The relevant township agriculture department is working with farmers to provide good quality seeds, inputs, and post-harvest technology to improve the yield and quality of green grams during this year's rain crops planting season.

**SMK**

# Putin, DPRK FM discuss bilateral ties: Kremlin

MOSCOW October 29

Russian President Vladimir Putin and Foreign Minister of the Democratic People's Republic of Korea (DPRK) Choe Son Hui discussed bilateral cooperation and strengthening ties, the Kremlin said on Tuesday.

"Actually, all the issues related to plans about the further development and enhancement of our friendship, our partnership, our alliance have been discussed," Kremlin spokesman Dmitry Peskov said, commenting on the meeting held on Monday.

The Russian Foreign Ministry said Russian Foreign Minister Sergei Lavrov and Choe on Monday discussed current issues concerning the development of bilateral relations, with particular focus on the implementation of the agreements reached between the two heads of state.

Russia expressed its full support for the measures taken by the DPRK leadership to safeguard the country's sovereignty and ensure its national security, the Russian Foreign Ministry added.

DPRK's official Korean Central News Agency reported Tuesday that Putin and Choe discussed many affairs for steadily developing the DPRK-Russia relations in the future.

The foreign ministers of the two countries had constructive and beneficial strategic communication, mainly focusing on the implementation results of the top-level agreements reached between the two heads of state, high-level exchanges between the two countries, and the multi-faceted cooperation plan, and they reached a consensus on all the issues discussed, the report said.

**Xinhua**

# At least 64 killed in huge police operation in Rio de Janeiro favelas



RIO DE JANEIRO October 29

At least 64 people were killed and 81 were arrested Tuesday in a large security operation against the Comando Vermelho criminal group in the Complexo do Alemao and Penha favelas in Rio de Janeiro, official sources said.

The Rio de Janeiro state government called the action the deadliest operation in Rio's history. More than 2,500 civil and military police officers took part in the operation, targeting 26 communities across the two complexes.

Officials said the fatalities included 56 alleged Comando Vermelho members and several police officers. Authorities seized 31 rifles as well as other weapons, ammunition and explosives.

Police sought to execute 69 arrest warrants and 180 search warrants tied to an investigation that lasted more than a year. Among those detained was a suspected Comando Vermelho leader accused of fomenting violence in the Chapadao area.

Claudio Castro, governor of the state of Rio de Janeiro, described the operation as the state's response to what he called "narcoterrorism," and said its aim was to stop the gang's territorial expansion into Rio neighborhoods and neighboring municipalities.

Authorities reported that gang members used drones to drop explosives on security forces and civilians in the Penha complex. The operation deployed helicopters, drones, armored vehicles, demolition units and ambulances.

Local prosecutors said Comando Vermelho uses favelas adjacent to expressways as strategic bases for drug and arms trafficking. The public prosecutor's office filed charges against 67 people for drug-trafficking association and three for torture.

Police said the operation was ongoing and that more wounded had been reported.

**Xinhua**

# Russian, Syrian Defence Ministers discuss promising areas of cooperation

MOSCOW October 29

Russian Defence Minister Andrei Belousov held a meeting with Syrian Defence Minister Murhaf Abu Qasra and discussed the practical implementation of promising areas of cooperation, the Russian Defence Ministry said on Tuesday.

"During the talks, the practical implementation of promising areas of bilateral cooperation was discussed," the statement said.

Abu Qasra thanked the leadership of Russia and Belousov for organizing the work of the Syrian delegation in Moscow.

"The directions of our cooperation are important. And we are witnessing our developing relations," Abu Qasra said, as quoted by the ministry.

The meeting between leaders of Russia and Syria has given additional impetus to the development of relations of the defense ministries of the two countries, the statement read.

**Sputnik**

# IDF strikes arms depot of 'Palestinian Radicals' in Northern Gaza Strip

MOSCOW October 29

The Israel Defence Forces (IDF) said on Wednesday that it carried out a targeted strike on a weapons depot of "Palestinian radicals" in the northern Gaza Strip.

"A short while ago, the IDF conducted a precise strike in the area of Beit Lahia in the northern Gaza Strip targeting a terrorist infrastructure site where weapons and aerial means were stored, intended to be used for the execution of an imminent terror attack against IDF soldiers and the State of Israel," IDF said on Telegram.

**Sputnik**



# S. Korean, U.S. presidents meet on ties

GYEONGJU October 29

South Korean President Lee Jaemyung and visiting U.S. President Donald Trump held talks here on Wednesday on bilateral ties.

Lee said that South Korea will raise its defence budget and develop its defence industry to improve its defence strength so as to ease U.S. defence expenditures in their defence alliance, according to a statement from the South Korean presidential office.

Meanwhile, South Korea will enlarge its investment in the United States and expand its imports from the United States to deepen South Korea-U.S. alliance.

Trump said that the U.S. side will continue to keep a good relationship with South Korea and work jointly to solve the Korean Peninsula issue.

**Xinhua**

# Ayeyawady Bridge (Yadanatheinkha) connecting Singu Township in Mandalay Region and Kyaukmyaung Township in Sagaing Region mined and destroyed by PDF terrorists and allied groups

NAY PYI TAW October 29

PDF-named terrorists and allied groups are ruthlessly and unlawfully committing destructive acts such as mining and destroying roads and bridges used by the public, with the intent to disrupt the peace and stability of the nation and the flow of goods in the region. It has been learned that today, the terrorists viciously mined and destroyed the Ayeyawady Bridge (Yadanatheinkha), a river-crossing bridge on the Shwebo-Kyaukmyaung-Singu-Mandalay road route.

This bridge connects Singu Township in Thabeikkyin District, Mandalay Region, and Kyaukmyaung Township in Shwebo District, Sagaing Region. It is a major bridge crucial for public transportation and the flow of goods. The PDF-named terrorists and allied groups mined and destroyed this bridge at around 6:10 AM today, October 29. Due to the explosion, damage occurred between piers RP4 and RP5, which are the bridge's river piers, as well as at the RP6-A2 approach section. It has been learned that as a result of these destructive actions by the terrorists, who acted without foresight or consideration, vehicles and travelers can no longer pass through, and the flow of goods has been halted.

It is known that the Ayeyawady Bridge (Yadanatheinkha) is 2,480 feet long (reinforced concrete bridge), 25 feet wide, with 3-foot-wide pedestrian walkways on the left and right. Construction began on April 16, 2010, by Special Bridge Construction Team-14 and was completed and opened on July 24, 2013.



Photo shows the Ayeyawady bridge (Yadanatheinkha), destroyed by PDF terrorist insurgents and collaborators.

It has been reported that local residents have now come to understand and realize that the groups operating under the guise of regional development are, in fact, causing significant losses to the public's socio-economic life and human rights. They are vehemently condemning and denouncing the mining and destruction of the non-military target, the Ayeyawady Bridge (Yadanatheinkha). Furthermore, news has been received that the relevant authorities will carry out the necessary repair works on the bridge as quickly as possible.

**100**



An aerial view of the Ayeyawady bridge (Yadanatheinkha), destroyed by PDF terrorist insurgents and collaborators.



An aerial view of the Ayeyawady bridge (Yadanatheinkha), destroyed by PDF terrorist insurgents and collaborators.

# Over 20,000 acres of green gram grown in Wetlet Township

WETLET October 29

Local farmers have planted 20,254 acres of green gram in Wetlet Township of Sagaing Region, according to the township Agriculture Department.

In 2025-2026 cultivation season, local authorities earmarked cultivation of 38,525 acres of green gram in Wetlet Township but farmers planted 20,254 acres of crops against the target cultivation.

"For this year's monsoon cropping season in Wetlet Township, over 38,000 acres of green gram are planned for cultivation. So far, more than 20,000 acres have already been cultivated. Efforts are ongoing to meet the full targeted acreage. In terms of green gram cultivation, awareness is being raised to encourage expansion, and farmers are being educated to use quality, pure seeds to ensure better yields," said Daw Kyin San, Head of the Wetlet Township Agriculture Department.

This year, for farmers growing green gram in Wetlet Township, the Township Agriculture Department has been providing education and support on the use of quality, regionally suitable and pure seeds, proper cultivation practices, pest prevention, systematic use of chemical fertilizers, and achieving good yields.

During this monsoon season, in cultivating various types of pulses, the department has also been working together with farmers to ensure good yields and quality. This includes promoting the use of quality and pure seeds, input efficiency, and post-harvest technologies such as timely collection and storage.

**SMK**


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မှတ်ဉာဏ်စွမ်းရည် ပြန်လည်တိုးမြှင့်ပေးမယ့် ပင်လယ်စာတစ်မျိုး



တရုတ်နိုင်ငံမှ သုတေသနပညာရှင်များက အိုမင်းခြင်းနဲ့အတူယှဉ်တွဲဖြစ်ပေါ်လာလေ့ရှိတဲ့ မှတ်ဉာဏ်စွမ်းရည်လျော့နည်းမှုကိုပြန်လည်တိုးမြှင့်ပေးမယ့်တွေ့ရှိချက်တစ်ခုကိုဖော်ထုတ်လိုက်နိုင်ပါတယ်။ အဲဒါကတော့ ပင်လယ်ရေညှစ်ကောင် (Sea Squirt) များကိုစားသုံးပေးခြင်းပါပဲ။

သုတေသနပညာရှင်များက ပင်လယ်ရေညှစ်ကောင်လေးများမှာ တွေ့ရလေ့ရှိတဲ့ အဆီပါဝင်သောဒြပ်ပေါင်းတစ်မျိုးကို ကြွက်တွေကိုကျွေးပြီး စမ်းသပ်မှုတွေလုပ်ဆောင်ထားတာပါ။ အဲဒီဒြပ်ပေါင်းကို ပလာစမာလိုဂျင်လို့လည်းခေါ်ပြီး သူ့ရဲ့စွမ်းရည်က နျူရွန်များကိုဖွံ့ဖြိုးတိုးတက်စေခြင်း၊ ရောင်ရမ်းမှုကိုလျှော့ချပေးခြင်း၊ မှတ်ဉာဏ်ကိုပိုမိုတိုးတက်စေခြင်းတို့ဖြစ်ပါတယ်။

ပလာစမာလိုဂျင်ဆိုတာ လူသားတွေရဲ့ဦးနှောက်၊ ကျောက်ကပ်၊ ကြွက်သား အစရှိတဲ့ ကိုယ်တွင်းအင်္ဂါတွေမှာတွေ့ရလေ့ရှိတဲ့အရာဖြစ်ပါတယ်။ ဒါပေမဲ့ လူသားတွေအသက်ကြီးလာတာနဲ့အမျှ ဒီဒြပ်ပေါင်းတွေကလည်း လျော့ကျသွားရပါတယ်။ ပင်လယ်ရေညှစ်ကောင်တွေမှာပါတဲ့ အဲဒီဒြပ်ပေါင်းက အာရုံကြောရဲ့ပင်မကလာပ်စည်းတွေကို ပိုမိုဖြစ်ပေါ်လာစေပြီး အာရုံကြောချိတ်ဆက်မှုတွေကိုလည်း ပိုကောင်းလာစေတာဖြစ်ပါတယ်။ **Ref: SD**

**ကိုထက်**

# ယခင်ကမ္ဘာ့ရာသီဥတုကို ဖော်ညွှန်းပြသမယ့် နှစ်ပေါင်း ၆ သန်းရှိ ရေခဲနမူနာ

အမေရိကန်နိုင်ငံမှ သိပ္ပံပညာရှင်များက အရှေ့အန္တာတိကဒေသရှိ အယ်လန်တောင်တန်းဒေသမှ ရေခဲနမူနာတစ်ခုကို တူးဖော်ထုတ်ယူနိုင်ခဲ့ပါတယ်။ ပညာရှင်များရယူနိုင်ခဲ့တဲ့ ရေခဲနမူနာရဲ့သက်တမ်းဟာဆိုရင် နှစ်ပေါင်း ၆ သန်းအထိရှိနေပြီလို့ ဆိုထားပါတယ်။

အဲဒီရေခဲနမူနာထဲမှာ ရေပူဖောင်းလေးတွေကိုလည်း မြင်တွေ့ရပါတယ်။ ပညာရှင်များရဲ့အဆိုအရဆိုရင် ဒီရေပူဖောင်းလေးတွေက အချိန်ခရီးသွားစက်လိုမျိုးဖြစ်ပြီး သူတို့လေးတွေကနေတစ်ဆင့် အရင်တုန်းက ကမ္ဘာကြီးမှာဖြစ်ပေါ်ခဲ့တဲ့ ရာသီဥတုအခြေအနေကို သိရှိနိုင်စေမှာဖြစ်တယ်လို့ သိရပါတယ်။

တူးဖော်ရရှိတဲ့ရေခဲဖြစ်ပေါ်တဲ့အချိန်ကို ပြန်ကြည့်တဲ့အခါ အခုအခြေအနေထက်ပိုပြီး ပူပြင်းတဲ့အပြင် ပင်လယ်ရေမျက်နှာပြင်လည်း ပိုမိုမြင့်တက်တယ်လို့ဆိုထားပါတယ်။

ဒါ့အပြင် ရေခဲထဲမှာပါဝင်တဲ့ အောက်ဆီဂျင်အိုင်ဆိုတုပ်များကို တိုင်းတာမှုများအရ အယ်လန်တောင်တန်းဒေသဟာ ပြီးခဲ့တဲ့ နှစ်ပေါင်း ၆ သန်းကာလအတွင်း ၁၂ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်ကျဆင်းခဲ့တာကိုလည်း တွေ့ရှိရတယ်လို့ သိပ္ပံပညာရှင်များကဆိုပါတယ်။

သိပ္ပံပညာရှင်များက ရေခဲထဲမှာပါဝင်တဲ့ အာဂွန်ဓာတ်ငွေ့ရဲ့ အိုင်ဆိုတုပ်များကို တိုင်းတာခြင်းအားဖြင့် ရေခဲရဲ့သက်တမ်းကိုခန့်မှန်းနိုင်ခဲ့တာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**



# ဗို့အားမြင့်အားသွင်းစနစ်နဲ့ မြင်းကောင်ရေ ၇၈၅ ကောင်အားရရှိမယ့် ၂၀၂၆ မော်ဒယ် Zeekr 7X



Zeekr ဆိုတာ ဇိမ်ခံကားများကိုအဓိကထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် လျှပ်စစ်စွမ်းအင်သုံးယာဉ် (EV) များကိုအဆင့်မြင့်မားစွာထုတ်လုပ်နေတာပါ။ အခုဆိုရင် Zeekr ကုမ္ပဏီက ၂၀၂၆ မော်ဒယ်အဖြစ် 7X ဆိုတဲ့နာမည်နဲ့ SUV တစ်စီးကို ထုတ်ဖော်ပြသလိုက်ပါပြီ။

အခုထုတ်ဖော်ပြသလိုက်တဲ့ Zeekr 7X မှာ သာမန် EV တွေထက် ထူးခြားမှုတစ်ခုပါဝင်နေပါတယ်။ အဲဒီထူးခြားမှုကတော့ ဗို့အား ၉၀၀ နဲ့ အမြန်အားသွင်းနိုင်တဲ့စနစ်ဖြစ်ပါတယ်။ ဒီထူးခြားမှုကြောင့်ပဲ EV ဈေးကွက်မှာ Zeekr က နေရာတစ်ခုကို ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်လာနိုင်မှာပါ။

သူကပုံစံသုံးမျိုးနဲ့လာမှာဖြစ်ပါတယ်။ ပထမနှစ်မျိုးက မော်တာတစ်လုံးတပ်ပြီး နောက်ဘီးယက်စနစ်ဖြစ်ကာ မြင်းကောင်ရေ ၄၉၆ ကောင်အားကိုထုတ်ပေးနိုင်ပါတယ်။ သူတို့မှာကွာသွားတာက ဘက်ထရီစွမ်းအင်ပမာဏပါ။ အမြင့်ဆုံးအမျိုးအစားကတော့ မော်တာနှစ်လုံးတပ်၊ ဘီးအားလုံးယက်စနစ်ဖြစ်ပြီး မြင်းကောင်ရေအားအနေနဲ့ ၇၈၅ ကောင်အားထုတ်ပေးနိုင်တယ်လို့ဆိုပါတယ်။ အားသွင်းမှုက ၁၀ ကနေ ၈၀ ရာခိုင်နှုန်းအထိကို ၁၀ မိနစ်သာကြာမြင့်မှာပါ။ ဘက်ထရီစွမ်းဆောင်ရည်အရ ၁၀ မိနစ်အားသွင်းရုံနဲ့ ကီလိုမီတာ ၄၀၀ အထိ မောင်းနိုင်မှာဖြစ်ပါတယ်။ **Ref: AE**

**ကိုထက်**

# အသံထက်မြန် အသံတိတ်ဂျက် X-59 ကို NASA က ပထမဆုံးအကြိမ်အောင်မြင်စွာစမ်းသပ်မောင်းနှင်နိုင်



အမေရိကန်အာကာသအေဂျင်စီဖြစ်တဲ့ NASA အဖွဲ့က လော့ဟိဒ်မာတင်ကုမ္ပဏီနဲ့ ပူးပေါင်းပြီး အသံထက်မြန် အသံတိတ်ဂျက်လေယာဉ်တစ်မျိုးကို ပထမဆုံးအကြိမ်အဖြစ်အောင်မြင်စွာစမ်းသပ်ပျံသန်းလိုက်နိုင်ပါတယ်။ အဲဒီဂျက်လေယာဉ်ကိုတော့ X–59 လို့အမည်ပေးထားပါတယ်။

အသံထက်မြန်ဂျက်လေယာဉ်တွေကို မောင်းနှင်တဲ့အခါ နားကွဲလုမတတ်ဖြစ်ရတဲ့ လေထုပေါက်ကွဲသံကိုကြားရပါတယ်။ ဒါကြောင့်ပဲ အသံထက်မြန်လေယာဉ်တွေ ပြေးဆွဲမှုကို ရပ်ဆိုင်းထားလိုက်ရတာပါ။ အခုစမ်းသပ်တဲ့ဂျက်လေယာဉ်ကတော့ ဒီလိုလေထုပေါက်ကွဲမှုမရှိဘဲ အသံထက်မြန်တဲ့နှုန်းနဲ့သွားတာတောင်မှ သူ့ဆီကနေထွက်လာတဲ့အသံက တိတ်ဆိတ်မှုရှိတယ်လို့ဆိုပါတယ်။

X–59 ရဲ့ပုံစံက ရှည်မျောမျောပုံစံရှိပါတယ်။ ဦးပိုင်းကချွန်တဲ့ပုံစံရှိတာကြောင့် လေခွင်းအားကိုပိုကောင်းစေပြီး လေထုပေါက်ကွဲသံဖြစ်ပေါ်မှုကို ပျောက်ကင်းသွားစေတာဖြစ်တယ်လို့ဆိုပါတယ်။ ဒီလိုမျိုး အောင်မြင်စွာစမ်းသပ်နိုင်မှုကြောင့် အသံထက်မြန်လေယာဉ်များ တစ်ကျော့ပြန်လာနိုင်ဖွယ်ရှိနေပါတယ်။ **Ref: IE**

**ကိုထက်**

# ပါးလွှာလွန်းတဲ့ပုံစံနဲ့ပွဲထွက်လာဖွယ်ရှိတဲ့ Mate 70 Air ရဲ့ ပိုစတာထွက်ရှိလာ




တရုတ်နိုင်ငံမှာသာမက ကမ္ဘာပေါ်မှာပါ ဈေးကွက်နေရာအများစုကို သိမ်းပိုက်လာနိုင်တဲ့ Huawei ကုမ္ပဏီက မကြာခင်မှာ Mate 70 Air ကိုထုတ်ဖော်မိတ်ဆက်လာတော့မှာဖြစ်ပါတယ်။ လက်ရှိထွက်ပေါ်နေတဲ့သတင်းတွေအရဆိုရင် လာမယ့်လမှာ ထုတ်ဖော်မိတ်ဆက်မယ်လို့သိရပါတယ်။ မကြာခင်မှာ မိတ်ဆက်တော့မယ်ဆိုသော်ငြား သူ့ရဲ့ပုံစံအမှန်က ဘယ်လိုရှိမယ်ဆိုတာကိုတော့ ဘယ်သူမှမသိကြသေးပါဘူး။

ဒါပေမဲ့ မကြာသေးခင်က Mate 70 Air နဲ့ပတ်သက်တဲ့ ပိုစတာတစ်ခုထွက်လာတာတွေ့ရပါတယ်။ အဲဒီပိုစတာကိုကြည့်ခြင်းအားဖြင့် Mate 70 Air က တွန့်လိမ်နေတဲ့ပုံစံကိုတွေ့ရပါတယ်။ ဒါပေမဲ့တကယ်တမ်းထွက်လာချိန်မှာ ဒီလိုတွန့်လိမ်နေတာမျိုးတော့မဖြစ်နိုင်ပါဘူး။ ဆိုလိုချင်တာက သူတို့ရဲ့ Mate 70 Air ဟာပါးလွှာလွန်းနေတယ်ဆိုတာကိုသာ ကိုယ်စားပြုဖော်ပြထားတာဖြစ်ပါတယ်။

လက်ရှိထွက်ပေါ်နေတဲ့သတင်းတွေအရဆိုရင် Mate 70 Air ရဲ့အထူက ၆ မီလီမီတာသာရှိမယ်လို့ဆိုပါတယ်။ ဒါဟာ မကြာသေးခင်ကထွက်ရှိထားတဲ့ iPhone 17 Ai ထက်တော့ နည်းနည်းထူနေသေးတာတွေ့ရပါတယ်။ **Ref: IE**

**ကိုထက်**

# ရှီကျင့်ဖျင်က ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံသွားမည်ဟု တရုတ်အစိုးရက အတည်ပြုထုတ်ပြန်

ပေကျင်း၊ နိုင်ငံရေး

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်အနေဖြင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့်တောင်ကိုရီးယားနိုင်ငံ၌တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း တရုတ်အစိုးရက အောက်တိုဘာလ ၂၉ ရက်တွင် အတည်ပြုထုတ်ပြန်ထားသည်။

တောင်ကိုရီးယားနိုင်ငံ၌ အောက်တိုဘာလ ၃၀ ရက်တွင်ကျင်းပမည့် APEC ထိပ်သီးညီလာခံ၏ဘေးပန်းတွေ့ဆုံမှုအဖြစ် တရုတ်သမ္မတနှင့် အမေရိကန်သမ္မတတို့တွေ့ဆုံကာ နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်နှင့် ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂိုကျာကွန်းကပြောသည်။

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က နှစ်နိုင်ငံကြား ကုန်သွယ်ရေးတင်းမာမှုများဖြစ်ပေါ်နေစဉ် နှစ်နိုင်ငံခေါင်းဆောင်များ၏တွေ့ဆုံမှုက အဆိုပါတင်းမာမှုများကို ပြေလျော့စေမည်ဟုမျှော်လင့်ရကြောင်း သိရသည်။ **Ref: ST**

# ဗီယက်နမ်အလယ်ပိုင်း၌ ရေကြီးမှုဖြစ်ပွား အနည်းဆုံး လူကိုးဦးသေဆုံးပြီး ငါးဦးပျောက်ဆုံး

ဟန္နိုင်း၊ သဘာဝဘေး

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ စံချိန်တင်မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ရေကြီးမှုဖြစ်ပွားခြင်းကြောင့် အနည်းဆုံးလူကိုးဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးကြောင်း အစိုးရက အောက်တိုဘာလ ၂၉ ရက်တွင် ထုတ်ပြန်ထားသည်။

သေဆုံးသူများအနက်ခြောက်ဦးသည် နိုင်ငံ၏လူအထူထပ်ဆုံးကမ်းခြေများရှိရာ ဒါနန်းမြို့နှင့် ဟွိုင်အန်းမြို့တို့မှဖြစ်ကြောင်း အစိုးရ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ထို့ပြင် ရေကြီးမှုများကြောင့် လူနေအိမ် ၁၀၃၀၀၀ ကျော်မှာ ရေလွှမ်းမိုးမှုခံရပြီး အများစုမှာနိုင်ငံ၏ခရီးသွားလုပ်ငန်းနေရာများဖြစ်သော ဟူးနှင့်ဟွိုင်အန်းမြို့တို့မှဖြစ်ကြောင်း သဘာဝဘေးဆိုင်ရာ အေဂျင်စီကထုတ်ပြန်ထားသည်။ ဗီယက်နမ်နိုင်ငံသည် မုန်တိုင်းများနှင့်ရေကြီးမှုများ မကြာခဏဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်ကြောင်းသိရသည်။ **Ref: ST**

# နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများအတွက်ဆွေးနွေးရန် အမေရိကန်နှင့်တောင်ကိုရီးယားသဘောတူ




ဆိုး၊ နိုင်ငံရေး

တောင်ကိုရီးယားနိုင်ငံအတွက် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများလုပ်ဆောင်သွားရန် တောင်ကိုရီးယားနှင့်အမေရိကန်တို့က သဘောတူလိုက်ကြောင်းသိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာလ ၂၉ ရက်တွင် တောင်ကိုရီးယားနိုင်ငံသို့ရောက်ရှိလာပြီး သမ္မတလီဂျေးမြောင်နှင့် တွေ့ဆုံဆွေးနွေးစဉ် တောင်ကိုရီးယားသမ္မတက နိုင်ငံအတွက် လိုအပ်နေသော နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများကို ရရှိနိုင်ရေး တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ထို့နောက် ထရမ့်က တောင်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောလိုအပ်ကြောင်း သဘောတူပြီး ထိုကိစ္စနှင့်ပတ်သက်၍ နောက်ထပ်ဆွေးနွေးမှုများလုပ်ဆောင်ရန် တောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားအမျိုးသားလုံခြုံရေးအကြံပေး ဝီဆောင်းလက်ကပြောသည်။ လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံက ဒီဇယ်စွမ်းအင်အသုံးပြုရေငုပ်သင်္ဘောများကိုသာ အသုံးပြုနေခြင်းဖြစ်သည်။

ထရမ့်သည် APEC အစည်းအဝေးတက်ရန် တောင်ကိုရီးယားနိုင်ငံသို့ရောက်ရှိလာပြီး တောင်ကိုရီးယားသမ္မတက အမေရိကန်သမ္မတအား နိုင်ငံ၏အမြင့်ဆုံးအဆင့်ဆုတံဆိပ်နှင့်အတူ ရွှေသရဖူကိုပေးအပ်ပြီး ကြိုဆိုကြောင်းသိရသည်။ **Ref: Yonhap**

# အိန္ဒိယနိုင်ငံ၌ ရိုးရာပွဲတော်ကျင်းပစဉ် ရေနစ်မှုကြောင့် အနည်းဆုံး လူ ၁၃၃ ဦး သေဆုံး

နယူးဒေလီ၊ မတော်တဆမှု

အိန္ဒိယနိုင်ငံအရှေ့ပိုင်းရှိ ဘီဟာပြည်နယ်နှင့် ဂျာခန်းပြည်နယ်တို့၌ ဟိန္ဒူရိုးရာပွဲတော်ကျင်းပစဉ် ရေနစ်မှုကြောင့် အနည်းဆုံးလူ ၁၃၃ ဦးသေဆုံးကြောင်းနှင့် လူများစွာပျောက်ဆုံးနေကြောင်း သတင်းဌာနများက အောက်တိုဘာလ ၂၉ ရက်တွင် ဖော်ပြထားသည်။

ဘီဟာပြည်နယ်တွင် ရေနစ်မှုကြောင့် လူ ၁၀၈ ဦးသေဆုံးပြီး ၁၀ ဦးပျောက်ဆုံးနေကြောင်းနှင့် အိမ်နီးချင်းပြည်နယ်ဖြစ်သည့် ဂျာခန်းပြည်နယ်၌ ရေနစ်မှုကြောင့် သေဆုံးသူ ၂၅ ဦးအထိရှိကြောင်း သတင်းဌာနများ၏ဖော်ပြချက်တွင်တွေ့ရသည်။

ဒေသတွင်းရှိမြစ်များနှင့် ချောင်းများတွင် ဟိန္ဒူရိုးရာပွဲတော်များကျင်းပနေစဉ် ရေနစ်မှုများဖြစ်ပွားခြင်းဖြစ်ကြောင်းနှင့် ဒေသတွင်းအစိုးရအဖွဲ့က သဘာဝဘေးတုံ့ပြန်ရေးအဖွဲ့များစေလွှတ်ပြီး ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်နေကြောင်းသိရသည်။ **Ref: Xinhua**

# မြောက်ကိုရီးယားက ရေပြင်မှမြေပြင်ပစ် အနိမ့်ပျံဒုံးကျည်များစွာကို ပစ်လွှတ်မှုပြုလုပ်



ပြုံယမ်း၊ စစ်ရေး

မြောက်ကိုရီးယားနိုင်ငံက အောက်တိုဘာလ ၂၈ ရက်တွင် ပင်လယ်ဝါအတွင်းမှနေ၍ ရေပြင်မှမြေပြင်ပစ်နိုင်သည့် မဟာဗျူဟာမြောက်အနိမ့်ပျံဒုံးကျည်များကို ပစ်လွှတ်မှုပြုလုပ်ကြောင်း မြောက်ကိုရီးယားမီဒီယာများက အောက်တိုဘာလ ၂၉ ရက်တွင်ထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တောင်ကိုရီးယားနိုင်ငံသို့မရောက်မီတွင် မြောက်ကိုရီးယားနိုင်ငံက ယခုကဲ့သို့အနိမ့်ပျံဒုံးကျည်များကိုပစ်လွှတ်ခြင်းဖြစ်သည်။ ထိုဒုံးကျည်များသည် သင်္ဘောအခြေပြုပစ်လွှတ်နိုင်သည့် ဒုံးကျည်များအဖြစ် အဆင့်မြှင့်တင်ထားခြင်းဖြစ်ပြီး သင်္ဘောပေါ်မှဒေါင်လိုက်တက်ကာ ပင်လယ်ဝါအတွင်းမှနေ၍ သတ်မှတ်ပစ်မှတ်ကိုထိမှန်သည်အထိ မိနစ် ၁၃၀ ခန့်ပျံသန်းသွားကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် KCNA သတင်းဌာနကဖော်ပြထားသည်။

ယခုကဲ့သို့ ရေပြင်မှမြေပြင်ပစ်ဒုံးကျည်ကိုအောင်မြင်စွာပစ်လွှတ်နိုင်ခြင်းသည် နိုင်ငံ၏နျူကလီးယားတပ်ဖွဲ့ကို လက်တွေ့အသုံးပြုနိုင်သည့်အဆင့်အထိ ရောက်ရှိလာစေရေးအတွက် အရေးကြီးသောအောင်မြင်မှုဖြစ်ကြောင်းနှင့်ရေပြင်ဟန့်တားမှုစွမ်းရည်မြင့်တက်လာခြင်းကို ဖော်ပြနေကြောင်း မြောက်ကိုရီးယားအလုပ်သမားပါတီမှ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌက ပြောသည်။ **Ref: Yonhap**

# ရုရှားက နျူကလီးယားထိပ်ဖူးတပ် ရေအောက်သွားဒရုန်းကို အောင်မြင်စွာစမ်းသပ်

မော်စကို၊ စစ်ရေး

ရုရှားနိုင်ငံအနေဖြင့် နောက်ဆုံးပေါ်နည်းပညာမြင့် နျူကလီးယားထိပ်ဖူးတပ် ရေအောက်သွားဒရုန်းကို အောင်မြင်စွာစမ်းသပ်လိုက်နိုင်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်ကပြောသည်။ အဆိုပါဒရုန်းကို Poseidon ဟုအမည်ပေးထားပြီး စမ်းသပ်မှုကို အောက်တိုဘာလ ၂၈ ရက်တွင် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပူတင်က အောက်တိုဘာလ ၂၉ ရက်တွင်ပြောသည်။

ထိုဒရုန်းသည် လိုအပ်သောအမြန်နှုန်းနှင့်ရေအောက်အနက်သို့ရောက်သွားသောအခါ ကမ္ဘာပေါ်ရှိ မည်သည့်လက်နက်နှင့်မျှမနှိုင်းယှဉ်နိုင်သည့် လက်နက်စနစ်တစ်ခုအဖြစ်ပြောင်းလဲသွားကြောင်း ပူတင်က စစ်ဆေးရုံတစ်ခုသို့သွားစဉ်ပြောထားခြင်းဖြစ်သည်။

ထို့ပြင် လက်ရှိအချိန်အထိ မည်သည့်လက်နက်စနစ်ကမျှ Poseidon စနစ်ကို ကြားဖြတ်ဟန့်တားနိုင်ခြင်းမရှိကြောင်း၊ ယင်းစနစ်ကို ရေငုပ်သင်္ဘောမှပစ်လွှတ်ခြင်းဖြစ်ကြောင်း၊ ထိုလက်နက်စနစ်၏သွားလာမှုအတွက် နျူကလီးယားစွမ်းအင်ကိုအသုံးပြုထားခြင်းဖြစ်ကြောင်း ပူတင်ကအလေးပေးပြောသည်။ ထိုလက်နက်စနစ်သည် အရှည်မီတာ ၂၀ နှင့် အလေးချိန်တန် ၁၀၀ ရှိကာ မီတာ ၁၀၀၀ အနက်မှနေ၍ တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ နှုန်းဖြင့်သွားနိုင်ကြောင်းသိရသည်။ **Ref: RT**



# အများပြည်သူလူထုခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အမှတ်(၁၄၁)အဆန်၊ (၁၄၂)အစုန် သာစည်-ရွှေညောင်လူစီးရထားအား တောင်ကြီးအထိ ပြေးဆွဲပေးမည်ဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း တောင်ကြီး-ပေါမှု-တောင်ကြီး Sight Seeing ရထားများ ပြန်လည်ပြေးဆွဲပေးမည်




နေပြည်တော် အောက်တိုဘာ ၂၉

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ကြုံတွေ့ခဲ့ရသည့် ရာဂိမုန်တိုင်းသဘာဝဘေးဒဏ်ရေကြီးရေလျှံမှုကြောင့် သာစည်-ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်းတို့ရှိ အချို့နေရာများတွင် ရထားလမ်းတာပေါင်များ၊ တံတားများ ရေတိုက်စား၍ ပျက်စီးခဲ့ခြင်း၊ မြေပြိုကျ၍ ပျက်စီးခြင်းစသည်တို့ကြုံတွေ့ခဲ့ရပြီး လမ်းပိုင်းအလိုက် ဦးစားပေးပြုပြင်နိုင်ခဲ့သဖြင့် သာစည်-ရွှေညောင်လမ်းပိုင်းတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်မှစ၍ အပတ်စဉ်အမှတ်(၁၄၁)အဆန် သာစည်-ရွှေညောင်ရထားအား သောကြာနေ့နှင့် အမှတ်(၁၄၂)အစုန် ရွှေညောင်-သာစည်ရထားအား တနင်္လာနေ့တို့တွင် ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ အောက်တိုဘာလ ၃၁ ရက်မှစတင်၍ သာစည်မှတောင်ကြီးအထိ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါအမှတ်(၁၄၁)အဆန်ရထားသည် သာစည်မှ နံနက် ၅ နာရီ ထွက်ခွာ၍ တောင်ကြီးသို့ ည ၆ နာရီခွဲတွင်လည်းကောင်း၊ အမှတ်(၁၄၂) အစုန်ရထားသည် တောင်ကြီးမှ နံနက် ၆ နာရီထွက်ခွာ၍ သာစည်သို့ ည ၇ နာရီခွဲတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်ပြီး ဘူတာစဉ်အလိုက် ရပ်တန့်ပေးသွားမည်ဖြစ်ကာ ခရီးစဉ်အစအဆုံးအတွက် လက်မှတ်ခအနေဖြင့် ရိုးရိုးတန်းငွေကျပ် ၁၂၀၀၀၊ အထက်တန်းငွေကျပ် ၁၄၀၀၀ ဖြစ်ကြောင်း သိရသည်။

ထို့အတူ ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်းအတွင်း ရာဂိမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် အေးသာယာ-ပေါမှု-ထီသိမ်ဘူတာအကြား ရထားလမ်းပိုင်းပြုပြင်ခြင်း၊ လမ်းအူကြောင်း အသစ်တည်ဆောက်ခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ထီသိမ်ရထားလမ်းအပိုင်းပတ်တာပေါင် ပြုပြင်ခြင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်အထိ ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာလ ၂၈ ရက်တွင် ဝန်ချိန်ပြည့်ရထားစမ်းသပ်မောင်းနှင်ခြင်းကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့မှုကြောင့် တောင်ကြီးမြို့၏ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကျင်းပမည့် ကာလအတွင်း ပြည်တွင်း/ပြည်ပမှ ခရီးသွားပြည်သူများအနေဖြင့် တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများအား စိတ်ချမ်းမြေ့စွာကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါမှု၊ ပေါမှု-တောင်ကြီး Sight Seeing ရထားခရီးစဉ်ကို အထူးကိစ္စတစ်ရပ်အနေဖြင့် နိုဝင်ဘာလ ၁ ရက်မှ ၄ ရက်အထိ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး တောင်ကြီး-ပေါမှုခရီးစဉ်ကိုလည်း ယခင်အတိုင်း အပတ်စဉ် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များ၌ ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကြီး-ပေါမှု ခရီးစဉ်သည် ၁၁ ဒသမ ၄၁ မိုင်ကွာဝေးပြီး ပြေးဆွဲချိန် ၁ နာရီခွဲခန့်ကြာမြင့်မည်ဖြစ်ပြီး တောင်ကြီးဘူတာမှ နံနက် ၉ နာရီစတင်ထွက်ခွာကာ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ မိနစ် ၃၀ ရပ်တန့်သွားမည်ဖြစ်ကြောင်း၊ ပေါမှုဘူတာသို့ ရောက်ရှိချိန်တွင် ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှသိရသည်။

အဆိုပါရထားသည် ပေါမှုဘူတာမှ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြန်လည်ထွက်ခွာပြီး တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ပြေးဆွဲမည့် ရထားတွဲဆိုင်းကို မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း (၁)တွဲ၊ ရိုးရိုးတန်း(၃)တွဲနှင့် ရထားထိန်းတွဲ(၁)တွဲဖြင့် ပြေးဆွဲသွားမည်ဖြစ်ကာ တောင်ကြီး-ပေါမှု အသွား/အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားအနေဖြင့် အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

တောင်ကြီး-ပေါမှု ခရီးစဉ်လိုက်ပါစီးနင်းမည့် ခရီးသွားပြည်သူများသည် တောင်ကြီးမြို့မှစတင်ထွက်ခွာသည်နှင့်တောင်ကြီးမြို့၏ အထင်ကရနေရာ မီးပုံးပျံကွင်းကို ရထားပေါ်မှနေ၍ ကြည့်ရှုခံစားရခြင်း၊ တောင်ကြီးမြို့၏ ခေတ်မီလှပသော မြို့ပြမြင်ကွင်းများကို ရထားပေါ်မှကောင်းစွာမြင်နိုင်ပြီး စိတ်လက်ကြည်လင်အေးချမ်းစေခြင်း၊ မြန်မာ့မီးရထား၏ ဒုတိယဘဝသံသရာတံတားအား ဖြတ်သန်းစဉ် အဝေးဆီမှ တောင်တန်းများ၊ ကွင်းပြင်ကျယ်များကို ရှုမျှော်ခံစားနိုင်ခြင်း၊ ထီသိမ်ဘူတာသို့ ရထားဆိုက်ရောက်ရပ်နားချိန် မိနစ် ၃၀ အတွင်း ဘူတာအထက်ဘက်ရှိရှုရပ်မှနေ၍ ထီသိမ်အဝိုင်းပတ်နှင့် ဘဝသံသရာတံတားအား အပေါ်စီးမှနေ၍ ကြည့်ရှုနိုင်ခြင်း၊ အဝေးဆီမှ ထီသိမ်ဘုရား၊ မြေပြိုဘုရားများကိုကြည်ညိုဖူးမြော်နိုင်ခြင်း၊ ရွှေညောင်ကန်နှင့် ကွင်းပြင်ကျယ်ကြီးများ စသည့်တောင်တန်းနှင့် သဘာဝအလှအပရှုခင်းများကို ကြည့်ရှုခံစားနိုင်ခြင်းတို့ဖြင့် စိတ်လက်အေးချမ်းပျော်ရွှင်မှုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တားဖျက်ဆီးလိုသည့်အနုပညာရှင် ၃ ဦးကို ဥပဒေနှင့်အညီအရေးယူဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲအပေါ်နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားနိုင်မည့်အခြေအနေမှ ကာကွယ်တားဆီးနိုင်ရန် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းခဲ့ပြီး ဥပဒေလိုက်နာမှုမရှိသူများအား ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်တွင် **"ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ"** ရွေးကောက်ပွဲအသိပညာပေးဇာတ်လမ်းနှင့်ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သောအနုပညာရှင်များအား လူမှုကွန်ရက်မှတစ်ဆင့် မဟုတ်မမှန်ဝေဖန်ရေးသား၍ ရွေးကောက်ပွဲအပေါ် ပြည်သူလူထုမှ



မိုက်တီး(ခ)သန်းထွန်းဇော်<br>(ဒါရိုက်တာ)၊ ၆၁ နှစ်



ကျော်ဝင်းထွဋ်(ခ)ကျော်မင်းထွဋ်<br>(ဇာတ်ပို့သရုပ်ဆောင်)၊ ၄၇ နှစ်



အုန်းဒိုင်း(ခ)ဇော်မြင့်<br>(ဟာသသရုပ်ဆောင်)၊ ၃၂ နှစ်

အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ခဲ့သည့် **ဒါရိုက်တာ မိုက်တီး(ခ)သန်းထွန်းဇော်၊ ဇာတ်ပို့သရုပ်ဆောင် ကျော်ဝင်းထွဋ်(ခ) ကျော်မင်းထွဋ်နှင့် ဟာသသရုပ်ဆောင် အုန်းဒိုင်း(ခ)ဇော်မြင့်**တို့အား ၎င်းတို့၏ နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများအား စိစစ်ဖော်ထုတ်ချက်အရ ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ တပ်မတော်မှ နိုင်ငံတော်တာဝန်ထမ်းဆောင်နေသည့်အပေါ် ထောက်ခံမှုမရှိခဲ့သည့်အပြင် ဆူပူဆန္ဒပြပွဲများတွင်ကိုယ်တိုင်ပါဝင်ခဲ့ကြောင်း၊ ထို့ပြင် မကြာမီကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် ၎င်းတို့တတ်ကျွမ်းသောအနုပညာကဏ္ဍမှ ပူးပေါင်းပါဝင်ခြင်းမရှိသည့်အပြင် အခြားသောအနုပညာရှင်များ၏ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်မှုအပေါ် ဝေဖန်တိုက်ခိုက်ခြင်း၊ ရွေးကောက်ပွဲအပေါ် ပြည်သူလူထုမှ ယုံကြည်မှုလျော့နည်းလာစေရန်ရည်ရွယ်၍ ရေးသားဖြန့်ဝေခြင်းများဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

အဆိုပါတရားခံ ၃ ဦးအနက် ဒါရိုက်တာ မိုက်တီး(ခ)သန်းထွန်းဇော်သည် ၂၀၂၁ ခုနှစ်တွင် လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် နိုင်ငံတော်အစိုးရအပေါ် ဝေဖန်ရေးသားခဲ့သောကြောင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်အရေးယူခြင်းခံခဲ့ရပြီး ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် နိုင်ငံတော်အစိုးရမှ စေတနာဖြင့် "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုခဲ့သူဖြစ်ကြောင်းစိစစ်တွေ့ရှိရသဖြင့် ၎င်းအားပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေဖြင့် အရေးယူနိုင်ရေးအပြင် ယခင်လွတ်ငြိမ်းခွင့်ပြုခဲ့သော ပြစ်ဒဏ်အားပြန်လည်ကျခံစေရေးဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ပြင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ခဲ့ကြသည့် ကျော်ဝင်းထွဋ်(ခ)ကျော်မင်းထွဋ်နှင့် အုန်းဒိုင်း(ခ)ဇော်မြင့်တို့ ၂ ဦးအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေဖြင့် ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အထွေထွေရွေးကောက်ပွဲအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **(၁၀၀)**

# သမိုင်းကိုအခြေခံ မှန်ကန်တဲ့နှလုံးသားများနဲ့ ချီတက်ကြပါစို့

ကျော်တေဇ(ဥက္ကလာ)

သမိုင်းဆိုတာ အတိတ်ကဖြစ်ရပ်အားလုံးကို ဆိုလိုပါတယ်။ အဆိုးအကောင်းအနိမ့်အမြင့်ဆိုတဲ့ ဆူကြုံနိမ့်မြင့်များစွာကိုလည်း မြင်တွေ့နိုင်ပါတယ်။ အဆိုးတွေကိုတော့ သင်ခန်းစာယူတတ်ဖို့လိုပြီး အကောင်းတွေကိုတော့ စံထားနိုင်ဖို့လိုပါတယ်။ ဒါမှသာ ယနေ့ပစ္စုပ္ပန်ဟာ လာမယ့်အနာဂတ်မှာ သမိုင်းကောင်းတစ်ခုအဖြစ် ထင်ကျန်ခဲ့မှာလည်း ဖြစ်ပါတယ်။

မကြာမီ တိုင်းရင်းသားပြည်သူလူထုအားလုံး အတွက် အရေးကြီးဆုံးအဆုံးအဖြတ်တစ်ခုကို မလွဲမသွေချမှတ်ရတော့မယ့်အချိန်အခါကို ကျရောက်လာပါတော့မယ်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှာကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးဟာ တိုင်းရင်းသားပြည်သူလူထု အားလုံးအတွက် မလွဲမသွေဆုံးဖြတ်ရွေးချယ်မှုတစ်ခု ပြုလုပ်ပေးရမယ့်ပွဲတစ်ပွဲဖြစ်တယ်ဆိုတာကိုလည်း ကနဦးပြောလိုပါတယ်။

မကြာမီကျင်းပတော့မယ့် ရွေးကောက်ပွဲကြီးကို နိုင်ငံတော်မှာဖြစ်ပေါ်နေတဲ့ လုံခြုံရေးအခြေအနေအရ လုံခြုံရေးနှင့်စီမံခန့်ခွဲမှုအပေါ်မူတည်ပြီး အပိုင်းခွဲ ကျင်းပသွားမယ်ဆိုတာကို နိုင်ငံတော်အကြီးအကဲက ချပြခဲ့ပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲမဲပေးစနစ်ကို တော့ (MEVM) မြန်မာအီလက်ထရောနစ်မဲပေးစက် ဖြင့် မဲပေးစေခြင်းကိုဆောင်ရွက်ပေးသွားမယ်။ ရွေးကောက်ခံကိုယ်စားလှယ်ရွေးချယ်မှုကိုတော့ ပြည်သူ့လွှတ်တော်အတွက် FPTP စနစ်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် အတွက် MMP စနစ်တွေနဲ့ ရွေးကောက်တင်မြှောက် သွားမှာပဲဖြစ်ပါတယ်။ ဒါကတော့ ရွေးကောက်ပွဲ ကျင်းပမယ့်အခြေအနေ အကျဉ်းချုပ်ပါပဲ။

ရွေးကောက်ပွဲကျင်းပမှုနီးကပ်လာချိန်မှာ ပြည် ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ကိုယ်စား လှယ်လောင်းများ၏ ရွေးကောက်ပွဲဆိုင်ရာစုဝေး ဟောပြောခြင်းနဲ့ မဲဆွယ်စည်းရုံးခြင်းတို့နဲ့စပ်လျဉ်း ပြီး ကြေညာချက်ထုတ်ပြန်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒီထုတ်ပြန်ချက်ကတော့ ၂၈-၁၀-၂၀၂၅ ရက် နံနက် ၆ နာရီကနေ ၂၆-၁၂-၂၀၂၅ ရက် ည ၁၂ နာရီထိ ရက်ပေါင်း(၆၀)အတွင်း မဲဆွယ်စည်းရုံးခြင်းများ ပြုလုပ်နိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက်အမှတ် ၁၃၄/၂၀၂၅ နဲ့ ၁၅-၁၀-၂၀၂၅ ရက်မှာ ထုတ်ပြန်ခဲ့တာပဲဖြစ်ပါတယ်။ ဒါ့အပြင် ၂၅-၉-၂၀၂၅ ရက်မှာလည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ၁၁၇/၂၀၂၅ ဖြင့် နိုင်ငံရေး ပါတီများ ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များ ကတစ်ဆင့် ထုတ်ပြန်ချက်စည်းကမ်းများနှင့်အညီ ဟောပြောတင်ပြခွင့်ကိုလည်း ကြေညာခဲ့ပြီးဖြစ် ပါတယ်။

လက်ရှိမှာလည်း ပါတီအသီးသီး၊ မဲဆန္ဒနယ် အသီးသီးက ရွေးကောက်ခံကိုယ်စားလှယ်လောင်း များဟာ သက်ဆိုင်ရာမဲဆန္ဒနယ်တွေမှာ ပြည်သူ လူထုများနဲ့ ထိတွေ့ခြင်းများကို ဆောင်ရွက်နေပြီဖြစ် ပါတယ်။ ဒါတင်မက ကိုယ်ပိုင် Social မီဒီယာ အကောင့်များကိုသုံးစွဲပြီး ပြည်သူလူထုများကို ဖန်သားပြင်တွေကတစ်ဆင့် ထိတွေ့ဆက်ဆံနေကြ တာကိုလည်း တွေ့မြင်နေရပြီဖြစ်ပါတယ်။ ဒါကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ထုတ်ပြန် ချက်များနဲ့ ကိုယ်စားလှယ်လောင်းများရဲ့ ပကတိ အခြေအနေတွေပဲဖြစ်ပါတယ်။

ဆုံးဖြတ်ရွေးချယ်ကြရမယ့် တိုင်းရင်းသားပြည်သူ တွေအနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အခန်း(၈)ပါ မိမိတို့ရဲ့ ရွေးချယ်ပိုင်ခွင့်များနဲ့ နိုင်ငံတော်အတွက် ဆောင်ရွက်ပေးရမည့် တာဝန် များကိုပါ သိထားကြရပါမယ်။ အခန်း(၈) ပုဒ်မ (၃၆၉)၊ ပုဒ်မခွဲ(က)မှာတော့-

“နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက် တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်” လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကတော့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးပဲဖြစ်ပါတယ်။

❖ မကြာမီကျင်းပတော့မယ့် ရွေးကောက်ပွဲကြီးကို နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ လုံခြုံရေးအခြေအနေအရ လုံခြုံရေးနှင့်စီမံခန့်ခွဲမှု အပေါ်မူတည်ပြီး အပိုင်းခွဲကျင်းပသွားမယ်ဆိုတာကို နိုင်ငံတော် အကြီးအကဲက ချပြခဲ့ပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲမဲပေးစနစ်ကိုတော့ (MEVM) မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးစေခြင်းကို ဆောင်ရွက်ပေးသွားမယ်။ ရွေးကောက်ခံကိုယ်စားလှယ်ရွေးချယ်မှုကို တော့ ပြည်သူ့လွှတ်တော်အတွက် FPTP စနစ်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အတွက် MMP စနစ်တွေနဲ့ ရွေးကောက်တင်မြှောက်သွားမှာပဲဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၈)မှာ မူလအခွင့်အရေးအပြင် တာဝန်တွေပါ ပြဋ္ဌာန်းထား ပါသေးတယ်။ အချို့ကိုထုတ်နုတ်တင်ပြလိုပါတယ်။ ပုဒ်မ (၃၈၃)-

နိုင်ငံသားတိုင်းသည် အောက်ပါတို့ကို စောင့်ထိန်း ရန်တာဝန်ရှိသည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြို ကွဲရေး၊

(ဂ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊

ပုဒ်မ(၃၈၄)မှာတော့ **“နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။”** ဟု ပြဋ္ဌာန်း ထားပါတယ်။ ပုဒ်မ(၃၈၅)မှာတော့ **“ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး တို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသား တိုင်း၏တာဝန်ဖြစ်သည်”** ဟု ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ(၃၈၇)မှာတော့ **“နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူ တစ်ရပ်လုံးအေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်း အားထုတ်ရန် တာဝန်ရှိသည်။”** ဟု ပြဋ္ဌာန်းထားပါ တယ်။

ပုဒ်မ (၃၈၈)မှာတော့ **“ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသား တိုင်း၏ တာဝန်ဖြစ်သည်။”** ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါတွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) က နိုင်ငံသားတိုင်းကိုပေးအပ်ထားတဲ့တာဝန်တွေပဲ ဖြစ်ပါတယ်။ နိုင်ငံသားများရဲ့အခွင့်အရေးနဲ့တာဝန် များဟာ ဥပဒေအရ ပုံနှိပ်ဖော်ပြထားတာမျိုး လုံးဝ မဟုတ်ပါဘူး။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်တစ်ရပ်အဖြစ် အခွန့်ရှည် ရပ်တည်နိုင်ဖို့ဖြစ်တည်လာခဲ့တဲ့ သမိုင်းထဲက သင်ခန်း စာကောက်နုတ်ချက်တွေဖြစ်ကြောင်း နိုင်ငံသားတိုင်း ကို သတင်းစကားပါးလိုပါတယ်။

အတိတ်သမိုင်းကိုပြန်ကြည့်ကြပါစို့။ ကာလတွေ အလီလီကျော်ဖြတ်ခဲ့ကြတယ်။ လွတ်လပ်ရေး ကြိုးပမ်းမှုကာလ၊ ပြည်တွင်းသောင်းကျန်းမှုကာလ၊ ဒီမိုကရေစီကူးပြောင်းရေးကာလ၊ ပါတီစုံဒီမိုကရေစီ စနစ်လျှောက်လှမ်းရေးကာလများကို မြင်တွေ့ရမှာ ပဲဖြစ်ပါတယ်။ ကာလအသီးသီးမှာ နိုင်ငံရဲ့အကျပ် အတည်းကာလ အချိုးအကွေ့များကိုလည်း ပူးတွဲ မြင်တွေ့ရမှာပဲဖြစ်ပါတယ်။

ဒီကာလအသီးသီးမှာ အစိုးရအဆက်ဆက်နဲ့ နိုင်ငံရေးစနစ်အမျိုးမျိုးကို ရေးဆွဲကျင့်သုံးလျှောက်လှမ်း ခဲ့ရတယ်။ အကြောင်းအမျိုးမျိုး၊ အခြေအနေအရပ်ရပ် တွေကြောင့် အစိုးရအဖွဲ့တွေတစ်ဖွဲ့ပြီးတစ်ဖွဲ့၊ နိုင်ငံ ရေးစနစ်တွေတစ်ခုပြီးတစ်ခု ပြောင်းလဲသွားခဲ့တာကို လည်း တွေ့မြင်ရမှာဖြစ်တယ်။ ဒါတွေဟာ စာရေးသူ တင်ပြခဲ့တဲ့ နိုင်ငံရဲ့အကျပ်အတည်းအချိုးအကွေ့ တွေရဲ့ သက်သေတွေပါပဲ။ နိုင်ငံရေးစနစ် မတည်ငြိမ် လေသမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်တစ်ရပ် ဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်နဲ့လည်း အလှမ်းဝေး တတ်ခြင်းဟာ သဘာဝတစ်ခုလိုပါပဲ။

ဆက်စပ်ပြီးတော့ ကာလအသီးသီးရဲ့ မူဝါဒ အဆင့်ဆင့်ကိုလေ့လာကြည့်ကြပါမယ်။ ဘီအိုင်အေ၊ ဘီဒီအေခေတ်မှာ **“လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ”**၊ ဘီအင်န်အေနှင့် ပီဘီအက်ဖ်ခေတ်မှာ **“လွတ်လပ်ရေးသည်ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယ”** ဆိုပြီး မူဝါဒ အသီးသီးချမှတ်ပြီး လွတ်လပ်ရေးကို ကြိုးပမ်းရယူခဲ့ ကြတယ်။

လွတ်လပ်ရေးရခဲ့ပေမယ့် နိုင်ငံတော်ဟာ ပြည်တွင်း သောင်းကျန်းမှုကာလနွံထဲကို ကျွံကျသွားခဲ့တယ်။ အစိုးရစနစ်က “ပါလီမန်ဒီမိုကရေစီအစိုးရစနစ်” ရောင်စုံသူပုန်ဆိုတဲ့ ပြည်တွင်းသောင်းကျန်းမှုတွေ ကြောင့် ပြည်သူတွေအတိဒုက္ခရောက်ခဲ့ကြတယ်။ အစိုးရပျက်ပြီး အစိုးရစနစ်ပါပျက်ပြယ်သွားခဲ့တယ်။ တပ်မတော်ဟာ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ယူခဲ့ရတယ်။ အိမ်စောင့်အစိုးရ၊ တော်လှန်ရေးကောင်စီ အစိုးရအဖွဲ့ပေါ်ပေါက်လာခဲ့တယ်။ အဲ့ဒီမှာ တည်ဆဲ အစိုးရဟာ ပါလီမန်ဒီမိုကရေစီစနစ် အယူအဆတွေ ကနေ လျှောက်လှမ်းလိုတဲ့ ဆိုရှယ်လစ်စနစ်ဘက်ကို တရွေ့ရွေ့ကူးပြောင်းရပြန်တယ်။ နိုင်ငံရေးစနစ် ကူးပြောင်းစဉ်ဟာ လွယ်ကူလှတဲ့လုပ်ငန်းစဉ်တော့ မဟုတ်ပါဘူး။

အဲဒီမှာပဲ တော်လှန်ရေးကောင်စီရဲ့ **“ရပ်ရွာ အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်စီးပွားရေး စနစ်ထူထောင်ရေးသည် တတိယ”** ဆိုတဲ့ မူဝါဒ ထွက်ပေါ်လာခဲ့တယ်။ ပြည်တွင်းသောင်းကျန်းမှု ဝဲဂယက်ထဲမှာ နိုင်ငံတော်ကာကွယ်ရေးကတစ်ဖက်၊ နိုင်ငံတော်တည်ဆောက်ရေးကတစ်ဖက်ဖြစ်နေတာ ကို မြင်အောင်ကြည့်တတ်ဖို့လိုပါတယ်။ ဒီနေရာမှာ တစ်ဖြတ်ပြောချင်တာက မူဝါဒပိုင်းဆိုင်ရာတွေပါပဲ။ မူဝါဒတွေဟာ ခေတ်တိုင်း၊ အစိုးရတိုင်းမှာ ထုတ်ချင် တာထုတ်ပြန်ခဲ့တာမျိုးမဟုတ်ဘူး။ နိုင်ငံတော်ရဲ့ ပကတိလိုအပ်ချက်၊ ပြည်သူလူထုရဲ့လိုလားချက် တွေကိုပဲ နိုင်ငံတော်မူဝါဒအဖြစ် ချမှတ်ဆောင်ရွက်ခဲ့ တာဖြစ်တယ်။

“ဒီမိုကရေစီရရှိရေး ဒို့အရေး” ဆိုတဲ့ ဆူညံသံတွေနဲ့ ၁၉၈၈ ခုနှစ် အရေးအခင်းကြီးဖြစ်ခဲ့တယ်။ အဲ့ဒီ ခေတ်အခြေအနေကို အတိုချုံးမြင်အောင်ပြောရရင် တောင်တန်းဒေသမှာ လက်နက်ကိုင်၊ မြေပြန့်မှာဆူပူ မှု လုပ်ရှားမှုဆိုတဲ့ပုံရိပ်များပဲဖြစ်တယ်။ တပ်မတော် ကပဲ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ယူခဲ့ရပြန်တယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ စတဲ့အစိုးရအဖွဲ့တက်လာခဲ့တယ်။ ဒီလက်ထက် တစ်ခုလုံးဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ တစ်ခုလို့ပဲ ဆိုရပါမယ်။ နိုင်ငံတော်ကာကွယ်ရေး တာဝန်တွေကတစ်ဖက်၊ နိုင်ငံတော်တည်ဆောက် ရေးတာဝန်တွေကတစ်ဖက်၊ ဒီမိုကရေစီအသွင် ကူးပြောင်းရေးတာဝန်တွေကတစ်ဖက်နဲ့ ဘယ်လို ဘယ်ပုံကြိုးစားလျှောက်လှမ်းခဲ့သလဲဆိုတာကိုလည်း ဒီလိုလေ့လာတွေ့ရှိရပြန်တယ်။

ဒို့တာဝန်အရေးသုံးပါးကို အခြေခံမူအဖြစ်ထား ရှိပြီး မူဝါဒဦးတည်ချက်ကိုချမှတ်ရာမှာ နိုင်ငံရေး ဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို ချမှတ်ဆောင်ရွက် ခဲ့တယ်။ ဒီအထဲကမှ နိုင်ငံရေးဦးတည်ချက်(၄)ရပ်ကို ကြည့်မယ်ဆိုရင်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်တစ်ရပ်တည်ဆောက်ရေးဆိုတဲ့ဦးတည် ချက်တွေကို တွေ့မြင်ရမှာပဲဖြစ်ပါတယ်။

စာမျက်နှာ ၂၆ သို့ ➢

➢ စာမျက်နှာ ၂၅ မှအဆက်

ဦးတည်ချက်အတိုင်းဆောင်ရွက်နိုင်ခဲ့မှုကို ဆက်လေ့လာကြည့်ကြပါမယ်။

ဒီကာလတစ်လျှောက်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ နိုင်ငံတော်မှာ ခိုင်မာတဲ့ ဒီမိုကရေစီအစိုးရသစ်တစ်ရပ်ပေါ်ပေါက်လာဖို့၊ ခိုင်မာတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာဖို့ ကြိုးစားဆောင်ရွက်ခဲ့ရပါတယ်။ ဒီနှစ်ချက်ကိုဆောင်ရွက်ရာမှာ တိုင်းရင်းသားကိုယ်စားလှယ်တွေပါဝင်နိုင်မယ့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွေကိုလည်း တစ်ဖက်က ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်၊ နိုင်ငံတော်တည်ဆောက်ရေးတာဝန်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတာဝန်တွေကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဟာ ငြင်းပယ်လို့မရနိုင်တဲ့ သမိုင်းအထောက်အထားတွေပါပဲ။

၂၀၀၈ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို တိုင်းရင်းသားပြည်သူလူထုများရဲ့ ထောက်ခံမဲပေးမှုနဲ့ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တယ်။ ၂၀၁၀ ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပခဲ့ပြီး ပါတီစုံဒီမိုကရေစီဆိုတဲ့ နိုင်ငံရေးစနစ်သစ်ကို နိုင်ငံတော်မှာ အောင်မြင်စွာကျင့်သုံးနိုင်ခဲ့တယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရဟာ သူတို့ချမှတ်ထားတဲ့ ဦးတည်ချက်များအတိုင်း နိုင်ငံတော်အတွက် ဆောင်ရွက်ပေးနိုင်ခဲ့တာ အားလုံးအမြင်ပဲဖြစ်ပါတယ်။

ပထမဆုံးဒီမိုကရေစီအစိုးရဟာ သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်တဲ့အစိုးရပါပဲ။ ပါတီစုံဒီမိုကရေစီစနစ်နဲ့ လျှောက်လှမ်းရင်း ၂၀၁၅ ခုနှစ်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပခဲ့ပြီး အနိုင်ရရှိတဲ့ NLD ပါတီကို တည်ငြိမ်စွာနဲ့ပဲ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို လွှဲပြောင်းပေးနိုင်ခဲ့တယ်။ NLD ပါတီအစိုးရ ဖြစ်လာချိန်မှာလည်း ယခင်ဦးတည်ချက်တွေအတိုင်း ခရီးဆက်ခဲ့တယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ တာဝန်ယူထားတဲ့အစိုးရအနေနဲ့ မဲမသမာမှုတွေနဲ့အတူ ဒီမိုကရေစီစံနှုန်းတွေကို ချိုးဖောက်ပြီး နိုင်ငံတော်ရဲ့အာဏာကို အတင်းအဓမ္မလုယူသည်ထိ ဖြစ်စေခဲ့တယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်ဟာ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ပြန်လည်ရယူခဲ့ရပြန်တယ်။

၂၀၂၁ ခုနှစ်ကနေ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်ထိဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ ကာလပဲဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ကနေ ယနေ့အထိကတော့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အစိုးရရဲ့ ကာလပဲဖြစ်ပါတယ်။ ဒီဘက်ကာလကိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၁၁)အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီလက်ထက်လို့လည်း ဆိုနိုင်ပါတယ်။ ငါးနှစ်တာကာလမှာ ရှေ့လုပ်ငန်းစဉ်နဲ့ဦးတည်ချက်တွေကို ကာလအလိုက် အဆင့်ဆင့်ပြောင်းလဲချမှတ်ပြီး နိုင်ငံတော်ရဲ့ပကတိလိုအပ်ချက်တွေကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

**"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်" (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်ပဉ္စမအချက်) ၂၄-၂-၂၀၂၁**

**"ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်" (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ပဉ္စမအချက်) ၉-၈-၂၀၂၃**

**"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး" (အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်စတုတ္ထအချက်) ၁-၈-၂၀၂၅**

အထက်ပါ ရွေးကောက်ပွဲနဲ့သက်ဆိုင်တဲ့အချက်တွေဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်၊ ယနေ့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်နဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတို့ရဲ့ ရှေ့လုပ်ငန်းစဉ်နဲ့ ဦးတည်ချက်ထဲက အချက်တွေပဲဖြစ်ပါတယ်။ ငါးနှစ်တာကာလအတွင်းမှာ လက်ရှိတည်ဆဲအစိုးရအနေနဲ့ စိန်ခေါ်မှုများစွာကို ကြုံတွေ့ခဲ့ရပါတယ်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအန္တရာယ်၊ မုန်တိုင်းအန္တရာယ်၊ ရေကြီးရေလျှံဖြစ်ပွားမှုအန္တရာယ်၊ ငလျင်ဘေးအန္တရာယ် စတဲ့သဘာဝဘေးအန္တရာယ်ကြီးတွေကြားက နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို အစွမ်းကုန်ကယ်တင်စောင့်ရှောက်ပေးနိုင်ခဲ့တယ်။

ဒါ့အပြင် ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းကို အခွင့်ကောင်းယူပြီး NUG၊ CRPH တို့က ပေါက်ဖွားလာတဲ့ PDF အကြမ်းဖက်သမားများရဲ့ အကြမ်းဖက်တိုက်ခိုက်မှုမျိုးစုံ၊ စစ်ဘုရင်ဝါဒီရှင်သန်ရေးကို လက်ကိုင်ထားတဲ့ EAOs များရဲ့ နယ်မြေကျူးကျော်တိုက်ခိုက်မှုမျိုးစုံကိုလည်း အန်တုကာကွယ်ခဲ့ရပြန်ပါတယ်။ ဒါတင်မကသေးပါဘူး။ NCA (ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်)မှာ လက်မှတ်ထိုးပြီးသား EAOs အဖွဲ့အချို့ပင်လျှင် NCA စာချုပ်အပေါ်တောင် သစ္စာဖောက်ခဲ့ကြပါသေးတယ်။ ဒီအကြမ်းဖက်တိုက်ခိုက်မှုပုံစံမျိုးစုံရဲ့ဒဏ်ကို နဖူးတွေ့ ဒူးတွေ့ ခါးသီးစွာခံစားခဲ့ကြရသူများဟာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးပါပဲ။

သမိုင်းရဟတ်ကို တစ်ပတ်လှည့်ခဲ့ကြတော့ သမိုင်းရဟတ်ကလည်း တစ်ပတ်ပြန်လည်ပေးရတဲ့သဘောပါပဲ။ လက်ရှိအစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကတစ်ဖက်၊ နိုင်ငံတော်တည်ဆောက်ရေးတာဝန်များက တစ်ဖက်ကြိုးပမ်းထမ်းရွက်ရပြန်တာပေါ့။ ရှေ့လုပ်ငန်းစဉ်များရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပေးပြီး အနိုင်ရရှိတဲ့ အစိုးရတစ်ရပ်ထံ နိုင်ငံတော်တာဝန်တွေပြန်လည်အပ်နှင်းနိုင်ရေးကို လက်ရှိအစိုးရအနေနဲ့ မမှိတ်မသုန်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တယ်လို့ တစ်ထစ်ချဆိုရမှာပဲဖြစ်ပါတယ်။ ယခုဆိုလျှင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကလည်း တရွေ့ရွေ့နီးကပ်လို့လာပါပြီ။

သမိုင်းကိုပြန်ဆန်းစစ်ရင်သမိုင်းထဲမှာအမှန်တရားတစ်ခုသာရှိပါတယ်။ မရေရာတဲ့ဖြစ်ရပ်အချို့ကို ငြင်းဆန်လို့ရနိုင်ပေမယ့် သမိုင်းကည္ဘန်းဆိုတဲ့ ပကတိတရားကိုတော့ ငြင်းဆန်လို့မရစကောင်းပါ။ သမိုင်းအဆက်ဆက်မှာ နိုင်ငံရေးပါတီများရဲ့ ခိုင်မာတောင့်တင်းမှုအားနည်းချက်များကို မြင်တွေ့ရပါမယ်။ ဒီအတိတ်သမိုင်းတွေကိုသင်ခန်းစာယူပြီး လက်ရှိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနဲ့ မဲဆန္ဒရှင်များအတွက် **"မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များရှိသူများဖြစ်ရန်လိုပြီး အမှန်တကယ်တိုင်းပြည်နှင့်ဒေသအကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လိုကြောင်း"** လမ်းညွှန်ပေးထားပါသေးတယ်။

စာဖတ်ပရိသတ်အပေါင်းတို့အနေဖြင့် အချက်မသိတော့ သမက်သူခိုးထင်၊ ငှက်မသိတော့ ဆက်ရက်ချိုးထင်ဆိုသလို သမိုင်းမသိတော့ နိုင်ငံတော်အတွက် မခက်ပေဘူးလားဗျာ။ ဒါကြောင့် သမိုင်းသိအောင် စာစီခြယ်ပြီးပြီမို့ သမိုင်းကိုအခြေခံ မှန်ကန်တဲ့နှလုံးသားနဲ့သာ ရွေးကောက်ပွဲကြီးဆီ ချီတက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

**ထာဝရငြိမ်းချမ်းကြပါစေ....**

# ဒိုက်ဦးမြို့နယ်အတွင်း ဆောင်းသီးနှံမျိုးစေ့နှင့်သွင်းအားစုဓာတ်မြေဩဇာပေးအပ်



ဒိုက်ဦး အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ အောက်တိုဘာလ ၂၉ ရက်တွင် ဆောင်းသီးနှံမျိုးစေ့နှင့် သွင်းအားစုဓာတ်မြေဩဇာ ပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဒေသခံတောင်သူများအား ဆောင်းသီးနှံမျိုးစေ့များဖြစ်သည့် မြေပဲ၊ ပဲတီစိမ်း၊ နေကြာ၊ ပဲပိစပ်၊ ပိုက်ဆန်လျှော်နှင့် သွင်းအားစုဓာတ်မြေဩဇာများပေးအပ်ကာ တက်ရောက်လာသည့် တောင်သူများအား စားရေရိက္ခာဖူလုံစေရေး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ မွေးမြူရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ဦးဇော်လွင်၏ကာကီကင်းမျိုး ဥစားဘဲကောင်ရေ ၇၀၀၀ မွေးမြူထားရှိမှုအား ကွင်းဆင်းကြည့်ရှုအားပေးပြီး ကွင်းစာဖြင့်မွေးမြူမှုသာ တွက်ခြေကိုက်ပြီး ထွက်ရှိလာသည့်ဘဲဥများအား သက်သာသောနှုန်းဖြင့် ဒေသတွင်းရောင်းချနိုင်မည်ဖြစ်၍ ကိုယ်တိုင်ဘဲသားပေါက်ထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လက်ခုပ်ကွင်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဒေသကြက်ကောင်ရေ ၁၀၀၀၀၊ ဥစားဘဲကောင်ရေ ၅၀၀၀ မွေးမြူထားရှိမှုနှင့် တိရစ္ဆာန်အစာအဖြစ် ရေကျောက်ခတ်မွေးမြူရေးကန်များ ဆောင်ရွက်ထားရှိမှုတို့အား ကြည့်ရှုအားပေးသည်။ ထို့နောက် ကတုတ်ဘုရားကြီးကျေးရွာအုပ်စုအတွင်းရှိ ယခင်စိုက်ပျိုး၍မရသော သဲဆန်ကုန်းကြောလယ်မြေ အမျိုးအစား၌ ယာ-၁၄ စပါးမျိုး စိုက်ပျိုးအောင်မြင်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး မြို့နယ်အလိုက် သဲဆန်ကုန်းကြောလယ်မြေများတွင် ပန်းတိုင်အထွက်နှုန်းရရှိသည့် ယာ-၁၄ စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားပြီး တစ်ဧကလျှင် အထွက်နှုန်းတင်း ၁၁၀ ထွက်ရှိကြောင်း သိရသည်။

ဥဿာတိုင်းသား

MWD Education, Knowledge & Sports Channel

၃၀-၁၀-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၇:၀၀ – ၀၈:၃၅ Grade – 8 မြန်မာစာ၊ အင်္ဂလိပ်စာ

၂။ ၁၅:၃၀ – ၁၆:၁၅ Grade – 8 အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂)

၃။ ၁၆:၁၅ – ၁၇:၄၅ Grade – 8 သမိုင်း၊ သိပ္ပံ

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## 16th Singha Thailand Junior World Golf Championships 2025

# ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ် ဂေါက်သီးရိုက်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် အောက်တိုဘာ ၂၉

အောက်တိုဘာလ ၃၀ ရက်မှနိုဝင်ဘာလ ၂ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် 16th Singha Thailand Junior World Golf Championships 2025 ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့သည် အောက်တိုဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမြင့်ဇော်(တွဲဖက်အတွင်းရေးမှူး၊ မျိုးဆက်သစ်လူငယ်အားကစားသမားများဆပ်ကော်မတီ)၊ နည်းပြအဖြစ်အောင်ဆန်းမျိုး (Professional Golfers)၊ အားကစားသမားများအဖြစ် Junior Golf Myanmar (JGM) မှ မင်းခန့်သော်၊ ခန့်ဘုန်းလျှန်၊ ကျော်နေစိုး၊ နိုင်ဦးကို၊ ကျော်သံလွင်ဟိန်း၊ Choi Hwan၊ လင်းထက်ညီ၊ ပြည့်ဖြိုးထွန်း၊ အောင်သန်းထွန်း၊ ထူးမြတ်အောင်၊ ချိုသာအောင်နှင့် ဆုနှင်းဖြူတို့သည် သက်တမ်းအလိုက်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့သည် အမျိုးသား ၁၅-၁၈ သက်တမ်းတွင် မင်းခန့်သော်၊ ခန့်ဘုန်းလျှန်၊ ကျော်နေစိုး၊ အမျိုးသား ၁၃-၁၄ သက်တမ်းတွင် နိုင်ဦးကို၊ ကျော်သံလွင်ဟိန်း၊ Choi Hwan၊ လင်းထက်ညီ၊ ပြည့်ဖြိုးထွန်း၊ အောင်သန်းထွန်း၊ အမျိုးသား ၁၁-၁၂ သက်တမ်းတွင် ထူးမြတ်အောင်၊ အမျိုးသမီး ၁၅-၁၈ သက်တမ်းတွင် ဆုနှင်းဖြူနှင့် အမျိုးသမီး ၁၃-၁၄ သက်တမ်းတွင် ချိုသာအောင်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။

မြဝတီ




# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၆၆ ဦး ထပ်မံစစ်ဆေးနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၇၅ ဦး၊ အိန္ဒိယနိုင်ငံသား ၇၃ ဦး၊ တရုတ်နိုင်ငံသား ၁၇ ဦးနှင့် ကာဇက်စတန်နိုင်ငံသားတစ်ဦး၊ စုစုပေါင်းပြည်ပနိုင်ငံသား ၁၆၆ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်စဉ်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ အောက်တိုဘာလ ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၆၄၀ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၀၄၅၃ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့်၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ဧရာဝတီတံတား(ရတနာသိင်္ခ)အား တွေ့ရစဉ်။



PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ဧရာဝတီတံတား(ရတနာသိင်္ခ)အား တွေ့ရစဉ်။

**■ ကျောဖုံးမှအဆက်**

ကားလမ်းပေါ်ရှိ ဧရာဝတီမြစ်ကူးတံတားတစ်စင်းဖြစ်သည့်ဧရာဝတီတံတား(ရတနာသိင်္ခ)အား အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားသည် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့ကို ဆက်သွယ်ထား၍ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိကအရေးပါသည့် တံတားတစ်စင်းဖြစ်ပြီး အဆိုပါတံတားအား အောက်တိုဘာလ ၂၉ ရက် ယနေ့နံနက် ၆ နာရီ ၁၀ မိနစ်ချိန်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ မိုင်းပေါက်ကွဲမှုကြောင့် တံတား၏ ရေလယ်တိုင်များဖြစ်သည့် တိုင်အမှတ် RP4 နှင့် RP5 တို့အကြားတွင်လည်းကောင်း၊ RP6-A2 ချဉ်းကပ်လမ်းနေရာတို့တွင်လည်းကောင်း ကျိုးကျပျက်စီးခဲ့သည်။ ထိုသို့ အကြမ်းဖက်သမားများ၏ အမြော်အမြင်မဲ့စွာဆင်ခြင်မှုမရှိသော ဖျက်လိုဖျက်ဆီးလုပ်ရပ်များကြောင့် ယခုအခါ မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများဖြတ်သန်းသွားလာနိုင်ခြင်းမရှိတော့ဘဲ ကုန်စည်စီးဆင်းမှုများ ရပ်တန့်လျက်ရှိကြောင်း သိရှိရသည်။

ဧရာဝတီတံတား(ရတနာသိင်္ခ)သည် တံတားအရှည် ၂၄၈၀ ပေ၊(သံကူကွန်ကရစ်တံတား)၊ တံတားအကျယ် ၂၅ ပေ၊ လူသွားလမ်း ဘယ်/ညာ ၃ ပေရှိပြီး တံတားဆောက်လုပ်ရေးအထူးအဖွဲ့-၁၄ မှ ၂၀၁၀ ပြည့်နှစ် ဧပြီလ ၁၆ ရက်နေ့တွင် စီမံကိန်းစတင်ကာ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် ဆောက်လုပ်ပြီးစီး၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယခုအခါ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များက ဒေသတွင်းကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် ပြည်သူလူထု၏လူမှုစီးပွားဘဝများ၊ လူ့အခွင့်အရေးများ များစွာဆုံးရှုံးအောင် လုပ်ဆောင်နေကြသည့်အပေါ် ဒေသခံပြည်သူများက သိရှိနားလည်သဘောပေါက်လာကြပြီဖြစ်ပြီး ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဧရာဝတီတံတား(ရတနာသိင်္ခ)အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ရှုံ့ရှာမုန်းတီးစွာ ကန့်ကွက်ရှုံ့ချလျက်ရှိကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း အဆိုပါတံတားအား ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တူကီယဲဘောလုံးအဖွဲ့ချုပ်က ပြည်တွင်းပရော်ဖက်ရှင်နယ်ဒိုင်လူကြီးများ၏ လောင်းကစားပါဝင်ပတ်သက်မှုများကို စုံစမ်းတွေ့ရှိ

အစ္စတန်ဘူလ် အောက်တိုဘာ ၂၉

တူကီယဲဘောလုံးအဖွဲ့ချုပ်က ပြည်တွင်းပရော်ဖက်ရှင်နယ်ဒိုင်လူကြီးများ၏ လောင်းကစားပါဝင်ပတ်သက်မှုများကို စုံစမ်းတွေ့ရှိရကြောင်း ကြေညာခဲ့သည်။

တူကီယဲဘောလုံးအဖွဲ့ချုပ်သည် ပြည်တွင်းပရော်ဖက်ရှင်နယ်ဒိုင်လူကြီးများတွင်လောင်းကစားအကောင့်များဖွင့်လှစ်ထားကြောင်း စုံစမ်းစစ်ဆေးမှုများပြုလုပ်နေစဉ်အတွင်း ဒိုင်လူကြီး ၅၇၁ ဦးတွင် ၃၇၁ ဦးမှာ လောင်းကစားအကောင့်များ ဖွင့်လှစ်ထားကြောင်းနှင့် ယင်းတို့မှ အကောင့် ၁၅၂ ခုမှာ လောင်းကစားပြုလုပ်နေဆဲအကောင့်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့ပြင် ယင်းအကောင့်တချို့သည် လောင်းကစားမှုတစ်ကြိမ်သာ ပြုလုပ်ထားသော်လည်း အကောင့် ၄၂ ခုမှာ ဘောလုံးပွဲပေါင်း ၁၀၀၀ အထက်လောင်းကစားမှုပြုလုပ်ထားသည့်အပြင် အကောင့်တစ်ခုမှာ လောင်းကစားမှု ၁၈၂၂၇ ကြိမ်အထိ ပြုလုပ်ထားကြောင်း သိရသည်။

တူကီယဲဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြည်တွင်းဒိုင်လူကြီးများ၏အမည်ကို ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားခြင်းမရှိသော်လည်း ယင်းစုံစမ်းတွေ့ရှိမှုတွင် တူကီယဲထိပ်တန်းအဆင့်မြင့်လိဂ်နှစ်ခုမှ ဒိုင်လူကြီးခုနစ်ဦးနှင့် လက်ထောက်ဒိုင်လူကြီး ၁၅ ဦး ပါဝင်ပတ်သက်နေကြောင်းနှင့် အဆင့်နိမ့်လိဂ်မှ ဒိုင်လူကြီး ၃၆ ဦးနှင့် လက်ထောက်ဒိုင်လူကြီး ၉၄ ဦး ပါဝင်ပတ်သက်နေကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အဆိုပါဒိုင်လူကြီးများအနေဖြင့် တူကီယဲဘောလုံးအဖွဲ့ချုပ်မှချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိုက်သင့်သည့်အရေးယူမှုကို ခံယူရမည်ဖြစ်ပြီး ဒိုင်လူကြီးများကဲ့သို့ပင် ကစားသမားများ၊ နည်းပြများလည်း လောင်းကစားမှုတွင်ပါဝင်ပတ်သက်ခဲ့ပါက အရေးယူခံရမည်ဖြစ်သည်။

ထို့ကြောင့် လောင်းကစားအကောင့်များဖွင့်လှစ်ထားသည့် ဒိုင်လူကြီးများအနေဖြင့် တူကီယဲဘောလုံးအဖွဲ့ချုပ်၏စည်းမျဉ်းအရ တစ်နှစ်ပွဲပယ်ခံရမည်ဖြစ်သည့်အပြင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ စည်းမျဉ်းများအရ ဒဏ်ကြေးချမှတ်ခံရမည်ဖြစ်ပြီး ဘောလုံးအားကစားနှင့် ပါဝင်ပတ်သက်ခွင့်ကို သုံးနှစ်ပိတ်ပင်ခံရနိုင်မည်ဖြစ်သည်။

လက်ရှိတူကီယဲနိုင်ငံ၏ ဘောလုံးလောကတွင် ဒိုင်လူကြီးများသည် ဘက်လိုက်ဆုံးဖြတ်မှုများကြောင့် ဝေဖန်မှုများနှင့်တွေ့ကြုံနေရသကဲ့သို့ အရေးပါသည့် ဘောလုံးပွဲစဉ်များတွင် ပြည်ပမှ ဒိုင်လူကြီးများကို ငှားရမ်းအသုံးပြုရသည်အထိရှိခဲ့ကြောင်း သိရသည်။

Ref; Goal.com

# နာပိုလီအသင်းနှင့် အင်တာမီလန်အသင်းတို့ပွဲစဉ်တွင် အငြင်းပွားဖွယ်ဆုံးဖြတ်ချက်များချမှတ်ခဲ့သည့် ကွင်းလယ်ဒိုင်လူကြီး မာရီယာနီပြစ်ဒဏ်ချမှတ်ခံရ



မီလန် အောက်တိုဘာ ၂၉

နာပိုလီအသင်းနှင့် အင်တာမီလန်အသင်းတို့ပွဲစဉ်တွင် အငြင်းပွားဖွယ်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည့် ကွင်းလယ်ဒိုင်လူကြီး မာရီယာနီသည် ပြစ်ဒဏ်ချမှတ်ခံရကြောင်း သိရသည်။

နာပိုလီအသင်းက အင်တာမီလန်အသင်းကို ၃ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် စီးရီးအေပွဲစဉ်(၈)တွင် ကွင်းလယ်ဒိုင်လူကြီး မာရီယာနီသည် အငြင်းပွားဖွယ်ပယ်နယ်တီပေးခဲ့သည့်အပြင် လက်ထိဘောဖြစ်မှုကိုလည်း မသိခဲ့ခြင်းအပါအဝင် အငြင်းပွားဖွယ်ဆုံးဖြတ်ခဲ့ခြင်းများကြောင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။

ပြည်တွင်းမီဒီယာများ၏ဖော်ပြချက်အရ စီးရီးအေဒိုင်လူကြီးများအကြီးအကဲ ဂျီယန်လူကာရိုချီသည် အဆိုပါပွဲစဉ်မှ ကွင်းလယ်ဒိုင်လူကြီး မာရီယာနီနှင့် လက်ထောက်ဒိုင်ဖြစ်သူ ဒါနီလီဘန်ဒိုနီတို့၏ စွမ်းဆောင်ရည်အပေါ် စိတ်ပျက်နေပြီး ဆုံးဖြတ်ချက်အမှားများကြောင့် မာရီယာနီကို စီးရီးအေဒိုင်လူကြီးအဖြစ်မှဖယ်ရှားခဲ့ကာ စီးရီးဘီတွင် တာဝန်ထမ်းဆောင်စေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်၌ ဒိုင်လူကြီးမာရီယာနီသည် ပွဲကစားချိန် ၃၃ မိနစ်တွင် နာပိုလီအသင်းဘက်သို့ အငြင်းပွားဖွယ်ပယ်နယ်တီပေးခဲ့ပြီး တစ်ဖက်တွင် လက်ထောက်ဒိုင်လူကြီး ဒါနီလီဘန်ဒိုနီသည်လည်း ယင်းဖြစ်ရပ်အပြီး ရှစ်စက္ကန့်အကြာတွင် ပြစ်ဒဏ်ဘောအလံထောင်ခဲ့သည့်အပြင် VAR ဒိုင်လူကြီးက ကြားဝင်ပါဝင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အဆိုပါပယ်နယ်တီကို ကွင်းလယ်ကစားသမား ဒီဘရိုင်းက ကန်သွင်းယူခဲ့ပြီး တွမ်မီနေးက ပွဲကစားချိန် ၅၄ မိနစ်တွင် ဒုတိယဦးဆောင်ဂိုးနှင့် အန်ဂူဆာက တတိယဂိုးသွင်းယူကာ ပွဲပြီးဆုံးချိန်တွင် နာပိုလီအသင်းက ၃ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ပြင် ယင်းပွဲစဉ်တွင် ကွင်းလယ်ဒိုင်လူကြီး မာရီယာနီသည် အင်တာမီလန်အသင်း နစ်နာစေမည့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့ကြောင်း၊ နာပိုလီအသင်းကစားသမား ဘူအွန်ဂီယိုနို၏ လက်ထိဘောကို ပယ်နယ်တီမပေးခဲ့သည့်အတွက် ဝေဖန်မှုများနှင့်ပါ ရင်ဆိုင်နေရသည်။

ထို့ကြောင့် ကွင်းလယ်ဒိုင်လူကြီး မာရီယာနီအနေဖြင့် စီးရီးဘီတွင် ကွင်းလယ်ဒိုင်လူကြီး သို့မဟုတ် VAR ဒိုင်လူကြီးအဖြစ်သာ တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref; Fotmob

# ဆဲလ်တစ်အသင်းနည်းပြအဖြစ်မှ ရော်ဂျာနုတ်ထွက်

ဆဲလ်တစ် အောက်တိုဘာ ၂၉

နည်းပြရော်ဂျာသည် စကော့တလန်ကလပ် ဆဲလ်တစ်အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ဆဲလ်တစ်အသင်းသည် စကော့တလန် အမှတ်ပေးပွဲစဉ်တွင် ဟတ်အသင်းကို ၃ ဂိုး – ၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အဆင့်(၁)နေရာမှ ဟတ်အသင်းနှင့် ရှစ်မှတ်ကွာဟခဲ့ကာ အဆင့်(၂)နေရာ၌ ရပ်တည်ခဲ့သည့်အတွက် နည်းပြရော်ဂျာက ရာထူးမှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နည်းပြရော်ဂျာသည် ဆဲလ်တစ်အသင်းကို ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ပထမအကြိမ်ကိုင်တွယ်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်တွင် ပြန်လည်ရောက်ရှိလာခဲ့ကာ ဒုတိယအကြိမ်ကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် ဆဲလ်တစ်အသင်းကို အမှတ်ပေးဖလားနှစ်ကြိမ်ရယူနိုင်ရန် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ကိုးပွဲယှဉ်ပြိုင်ကစားထားပြီး ငါးပွဲနိုင်၊ နှစ်ပွဲသရေနှင့် နှစ်ပွဲရှုံးရလဒ်ရရှိထားသည်။

ထို့ပြင် နုတ်ထွက်သွားခဲ့သည့် နည်းပြရော်ဂျာ၏နေရာ၌ ပရီးမီးယားလိဂ်ဝါရင့်နည်းပြဟောင်း မာတင်အိုနေးလ်ကို ယာယီနည်းပြအဖြစ် တာဝန်ပေးမည်ဖြစ်ကြောင်းနှင့် ၎င်းနှင့်အတူ လက်ထောက်နည်းပြအဖြစ် ဆဲလ်တစ်အသင်းကစားသမားဟောင်း ရှောင်မာလိုနေက တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ကြေညာခဲ့သည်။



နည်းပြမာတင်အိုနေးလ်သည် ဆဲလ်တစ်အသင်းကို ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ ကိုင်တွယ်ခဲ့ဖူးပြီး အသင်းနှင့်အတူ အမှတ်ပေးဖလားငါးကြိမ်၊ စကော့တလန်ရှုံးထွက်ဖလားသုံးကြိမ်နှင့် စကော့တလန်လိဂ်ဖလားတစ်ကြိမ် ရယူပေးနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref; Fabrizio Romano

# ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တွင် ကစားသမားသုံးဦး ဒဏ်ရာရရှိကြောင်း အာဆင်နယ်အသင်းနည်းပြ အာတီတာပြောကြား

လန်ဒန် အောက်တိုဘာ ၂၉

အာဆင်နယ်အသင်းနည်းပြ အာတီတာက ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တွင် ကစားသမားသုံးဦး ဒဏ်ရာရရှိကြောင်း ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၉)အဖြစ် ပဲလေ့စ်အသင်းကို ၁ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်အပြီးတွင် ဒီကလန်ရိုဒ်၊ ဆာလီဘာနှင့် ကာလာဖီအိုရီတို့ဒဏ်ရာရရှိခဲ့ကြောင်း နည်းပြအာတီတာက အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်၌ ဆာလီဘာသည် ပွဲကစားချိန် ၄၆ မိနစ်တွင် ဒဏ်ရာကြောင့် မော့စကွီးယားနှင့်လည်းကောင်း၊ ဒီကလန်ရိုဒ်နှင့်ကာလာဖီအိုရီတို့မှာ ပွဲကစားချိန် ၈၂ မိနစ်တွင် ဒဏ်ရာကြောင့် မီရီနို၊ ဟင်ကာပီတို့နှင့်လည်းကောင်း လူစားလဲလှယ်ခဲ့ရသည်။

အဆိုပါကစားသမားသုံးဦးသည် အာဆင်နယ်အသင်း၏ အဓိကပွဲထွက်ကစားသမားများဖြစ်ကြပြီး ယခုအခါ ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တွင် ၎င်းတို့ဒဏ်ရာရရှိခဲ့ခြင်းကြောင့် အသင်းအတွက် အခက်တွေ့ဖွယ်ဖြစ်လာနိုင်ကြောင်း နည်းပြအာတီတာက ပြောကြားခဲ့သည်။


နည်းပြအာတီတာက "ဆာလီဘာနဲ့ ဒီကလန်ရိုဒ်တို့က နာကျင်မှုဝေဒနာခံစားခဲ့ရတာကြောင့် သူတို့ကို လူစားလဲလှယ်ခဲ့ရတာပါ။ ကာလာဖီအိုရီလည်း အတူတူပါပဲ။ သူတို့ရဲ့ဒဏ်ရာအခြေအနေအတိအကျကိုတော့ ကျွန်တော် မသိရသေးပါဘူး။ ဒါ့ပြင် မာတင်နယ်လီကလည်း ကြွက်သားဒဏ်ရာလား၊ တခြားဒဏ်ရာလားဆိုတာ မသိသေးတဲ့အခြေအနေပါ" ဟု ပြောသည်။

လက်ရှိတွင် အာဆင်နယ်အသင်း၌ ဒဏ်ရာရကစားသမားအများအပြားရှိနေပြီး မာဒူကီ၊ ဟာဗတ်ဇ်၊ ဂျီးဆပ်စ်၊ အိုဒီဂတ်တို့ အနားယူနေရသကဲ့သို့ ဆာလီဘာ၊ ဒီကလန်ရိုဒ်၊ ကာလာဖီအိုရီ၊ မာတင်နယ်လီတို့ ဒဏ်ရာရရှိခဲ့၍ အာဆင်နယ်အသင်းအတွက် လာမည့်ပွဲစဉ်များတွင် အခက်တွေ့ဖွယ်ရှိနေသည်။

အာဆင်နယ်အသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ကိုးပွဲ ယှဉ်ပြိုင်ကစားပြီးချိန်တွင် ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁)နေရာ၌ရပ်တည်နေကာ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း သုံးပွဲကစားပြီး သုံးပွဲအနိုင်ရရှိထားကြောင်း သိရသည်။

Ref; Fotmob

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ


လိုင်စင်မဲ့မော်တော်ဆိုင်ကယ်

မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


လိုင်စင်မဲ့မော်တော်ယာဉ် (Mitsubishi Pajero)

စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


Ceramic Tile

အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

နေပြည်တော် အောက်တိုဘာ ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၉ ရက်**တွင် ဥတ္တရသီရိမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ်(၂ ဒသမ ၇၂၀) တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၈၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်**တို့တွင် စစ်ကိုင်းမြို့နယ်၊ ကံကြီးကုန်းကျေးရွာ၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၀၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၃၁၇၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကိုလည်းကောင်း၊ ရွှေဘိုမြို့နယ်အတွင်း၌လိုင်စင်မဲ့မော်တော်ယာဉ်(၆)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၉၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၇၁၇၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၄ ရက်နှင့် ၂၆ ရက်**တို့တွင် ဒိုက်ဦးမြို့နယ်နှင့် ဖြူးမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၉၆၁) တန်၊ အခြားသစ်(၂ ဒသမ ၆၂၄)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၇၈၃၅၃၆)** ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၂ ရက်နှင့် ၂၃ ရက်**တို့တွင် အောင်လံမြို့နယ်နှင့် မင်းဘူးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၂ ရက်နှင့် ၂၃ ရက်**တို့တွင် ပုသိမ်ကြီးမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၂၆၂)တန်၊ အခြားသစ် ( သုည ဒသမ ၁၅၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃၀၁၂၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်နှင့်ပြင်ဦးလွင်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၅)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁၆) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၂၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၁၅၀၁၂၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တို ဘာလ ၂၅ရက်နှင့် ၂၇ရက်**တို့တွင်မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၅)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၄ ရက်**တွင် ပုသိမ်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ၂၇ ရက်**တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၈၁၇၄၄) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၁)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လျှပ်စစ်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၄၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၄၈၁၇၄၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **အောက်တိုဘာလ ၁၉ ရက်မှ ၂၇ ရက်အထိ** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၆၆၂၆၂၄၀)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**မြဝတီ**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ



နေပြည်တော် အောက်တိုဘာ ၂၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၀ ရက်မှ ၂၆ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း(၂၉ ဒသမ ၆၇၀၂)တန်၊ သစ်မာ(သုည ဒသမ ၇၅၀၀) တန်၊ အခြား (၁၈ ဒသမ ၄၂၆၆) တန်၊ စုစုပေါင်း (၄၈ ဒသမ ၈၄၆၈)တန်၊ ယာဉ်/ယန္တရား(၇)စီး၊ တရားခံ (၁၄)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မြဝတီ


**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**မိခင်အမည်မှန်**
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း ကျောက်ချက် Grade-12 မှ ပညာသင်ကြားနေသော မအိအိလွင်၏မိခင် ဒေါ်နွဲ့နွဲ့ရီ၏အမည်မှန်မှာ ဒေါ်နွဲ့နွဲ့ရည် ၉/ပမန(နိုင်) ၁၅၂၆၃၁ ဖြစ်ပါကြောင်း။ ဒေါ်နွဲ့နွဲ့ရည်

**ဖခင်အမည်မှန်**
တောင်ကြီးမြို့၊ အ.ထ.က(၂)၊ အေးသာယာ Grade-9 မှ မောင်ညဏ်ထက်ပိုင်၏ဖခင်အမည်မှန်မှာ ဦးသိန်းဇော် ၁၃/လရန(နိုင်) ၁၀၅၂၆၉ ဖြစ်ပါကြောင်း။ ဦးသိန်းဇော်

**ပျောက်ဆုံးကြောင်း**
ရီမာဒေဝီ(ဘ)ဦးဥမ္မာပတိ ၉/မကန(နိုင်) ၁၂၇၆၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 396349)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၄၉၅၀၀၂

**ပျောက်ဆုံးကြောင်း**
မိုဟန်(ဘ)ဦးဂန်းဗဟာဒူး ၉/မကန(နိုင်) ၁၂၁၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 396380)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၄၉၅၀၀၃၇

**ပျောက်ဆုံးကြောင်း**
ကျော်ဇေယျ(ဘ)ဦးမောင်ဆန်း ၈/နမန(နိုင်)၁၅၈၇၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အေးမွန်ကျော်(ဘ)ဦးကျော်စိန် ၁၂/လကန(နိုင်)၂၀၃၉၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(785067)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မထုဆန်(ဘ)ဦးဘရန်ရှောင် ၁၃/ကခန(နိုင်)၁၁၈၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၁)ခုအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် တည်ဆောက်ရေးလုပ်ငန်း(၁)ခုဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၃၀-၁၀-၂၀၂၅)ရက်နေ့မှ (၁၂-၁၁-၂၀၂၅)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၁၂-၁၁-၂၀၂၅)ရက်နေ့ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၀)ရက်
## ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၃၀)ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၅ ခုနှစ်၊ (၆၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာလ(၁၇)ရက်နေ့မှ (၂၆)ရက်နေ့အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၅ ခုနှစ်၊ (၆၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

**ပျောက်ဆုံးကြောင်း**
မိုးသဥ္ဇာ(ဘ)ဦးသောင်းဝင်း ၁၂/မရက(နိုင်) ၁၈၀၃၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 8869097)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၁၈၉၀

**ပျောက်ဆုံးကြောင်း**
လင်းကို(ဘ)ဦးအုံးလှိုင် ၉/တသန(နိုင်) ၂၀၇၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 553155)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၅၇၂၁၆၁

**ပျောက်ဆုံးကြောင်း**
နိုင်လင်းအောင်(ဘ)ဦးစိုးတင့် ၁၄/ဟသတ(နိုင်) ၂၃၈၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

**ပျောက်ဆုံးကြောင်း**
ဒေါ်မိငယ်(ဘ)ဦးအေးလုံး ၃/ဘအန(နိုင်) ၄၃၁၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 737136)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ အဝိုင်းကျေးရွာနေ နုနုဝေ(ဘ)ဦးနိုင်ဝင်း ၇/ပခန(နိုင်)၃၄၇၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 910255)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၀၅၉၀၃၅၈

**ပျောက်ဆုံးကြောင်း**
နတ်မောက်မြို့နယ်၊ ဖက်တောကျေးရွာနေ ထွေးထွေးဝင်း(ဘ)ဦးငွေးဝင်း ၈/နမန(နိုင်)၂၂၆၈၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မသဲအိ(ဘ)ဦးစိန်မော် ၈/မမန(နိုင်)၂၇၀၁၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 656559)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စိုင်းစိုးမြတ်(ဘ)ဦးစိုင်းသိန်းအောင် ၁၃/လခန(နိုင်)၀၃၂၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 261494)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၈၂၃၂၉

**ပျောက်ဆုံးကြောင်း**
သဲမြတ်နိုး(ဘ)ဦးဆန်းလင်း ၁၂/မဘန(နိုင်) ၁၉၇၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 723133)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

**ပျောက်ဆုံးကြောင်း**
စောထျန်ဆန်း(ခ)အောင်နိုင်မိုး(ဘ)ဦးဆွန်တင်ရမ်း ၅/ကလတ(နိုင်)၁၈၃၁၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 198406)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**ပျောက်ဆုံးကြောင်း**
နတ်မောက်မြို့နယ်၊ ဆည်ကြီးကျေးရွာအုပ်စု၊ မြင်းစုကျေးရွာနေ ဒေါ်ကြည်သာ(ဘ)ဦးစိုးတင့် ၈/နမန(နိုင်)၂၃၈၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 420506)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
တောင်တွင်းကြီးမြို့၊ တလုတ်ကုန်းရပ်၊ သရက်ခုံရွာနေ ဆလိုင်းစိုးမိုးအာကာရွှေ(ဘ)ဆလိုင်းထွန်းရွှေ ၈/တတက(နိုင်) ၂၈၀၈၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 039673)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကျော်စွာဝင်း(ဘ)ဦးကြည်ညွန့် ၁၃/လရန(နိုင်) ၁၇၁၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဥမ္မာကြည်(ဘ)ဦးကြည်ခင် ၁၂/မရက(နိုင်) ၀၅၁၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 122367)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၇၈၄၅၃၁၁

**ပျောက်ဆုံးကြောင်း**
နှင်းဝေထွန်း(ဘ)ဦးခင်မောင်ဆွေ ၈/မဘန(နိုင်)၁၃၇၆၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

**ပျောက်ဆုံးကြောင်း**
ဘိုလှ(ဘ)ဦးဝင်းရွှေ ၉/ညဥန(နိုင်)၂၀၉၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၈၂၂၁၂၄၅၆

**ပျောက်ဆုံးကြောင်း**
ခိုင်နှင်းဝေ(ဘ)ဦးရီ ၇/အတန(နိုင်)၁၅၁၇၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၉၅၀၈၄၉

**ပျောက်ဆုံးကြောင်း**
ဝင်းသန်းဌေး(ဘ)ဦးလှိုင်မောင် ၈/တတက(နိုင်)၁၄၃၉၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၆၄၉၉၈၉

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**
မြင်းခြံမြို့၊ အမှတ်(၉)ရပ်ကွက်၊ (၈)တန်း၊ မြေကွက်အမှတ်(၁၁)၊ (အလျား ၃၀'-၀"၊ အနံ ၃၀'-၀") ဦးစိန်ညွန့်အမည်ပေါက်ဝိုင်းမြေပေါ်တွင် ဦးမျိုးမျိုးမင်း(၉/မခန(နိုင်)၁၆၄၄၇၁)ကိုင်ဆောင်သူမှ (အလျား ၁၈'-၀"၊ အနံ ၂၄'-၀")ရှိဝါးထရံကာသွပ်မိုး(၂)ထပ်အဆောက်အဦနှင့် အရှည်(၆၀'-၀") အုတ်ဝင်းခြံကာရံခွင့်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦနှင့်အုတ်ဝင်းခြံကာရံခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**
မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ပူစနက်ကျင်း ဦးပိုင်အမှတ်(၇၉)၊ (အလျား ၃၅'-၀"၊ အနံ ၄၀'-၀")ရှိ ဦးကြွက်အမည်ပေါက်ဝိုင်းမြေပေါ်တွင် ဦးဝင်းရွှေ(၉/မခန(နိုင်)၂၄၂၈၂၄)ကိုင်ဆောင်သူမှ အလျား(၇၅'-၀")အရှည် အုတ်ဝင်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝင်းခြံကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**
မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၄၈)၊ ပြောင်းပြာကျွန်း၊ ဦးပိုင်အမှတ်(၇၈)၊ (အလျား ၃၀'-၀"၊ အနံ ၄၀'-၀")ဦးကြာညွှန့်အမည်ပေါက်ဝိုင်းမြေပေါ်တွင် ဒေါ်အေးသီတာ(၉/မခန(နိုင်)၃၀၁၇၀၀)ကိုင်ဆောင်သူမှ(အလျား ၂၂'-၀"၊ အနံ ၃၀'-၀")ရှိ RC(၂)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ပျောက်ဆုံးကြောင်း**
မောင်ကျင်ကြွယ်(ဘ)ဦးကျန်လင်ဆင် ၁၃/ကခန(နိုင်)၁၀၉၄၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ဖခင်အမည်မှန်**
ပဲခူးမြို့၊ အ.ထ.က(ခွဲ)(၅)ကျောင်း၊ Grade-9 မှ မအေးမြတ်နိုး၏ဖခင်အမည်မှန်မှာ ဦးဉာဏ်ထွန်း ၇/ပခန(နိုင်)၃၀၀၀၃၁ ဖြစ်ပါကြောင်း။
**ဦးဉာဏ်ထွန်း**

**ပျောက်ဆုံးကြောင်း**
ကျော်ဇေယျ(ဘ)ဦးဇေယျာထွန်း ၁၄/ကခန(နိုင်)၁၂၀၇၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၃၅၉၀၈

**ပျောက်ဆုံးကြောင်း**
သီရိစန္ဒာ(ဘ)ဦးမြင့်ဝေ ၁၂/လကန(သီ) ၀၁၂၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၉၉၅၈၀၁

**ပျောက်ဆုံးကြောင်း**
မြင့်လွင်ဦး(ဘ)ဦးကျော်စိန် ၁၂/မဘန(နိုင်) ၁၂၇၉၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၆၁၉၅၈၄၄

**ပျောက်ဆုံးကြောင်း**
ထွန်းထွန်းခိုင်(ဘ)ဦးသိန်းခိုင် ၁၄/ပသန(နိုင်) ၁၆၆၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စန်းစိမ့်သူ(ဘ)ဦးလှကြည် ၁၄/ဒဒရ(နိုင်) ၁၁၉၂၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 525107)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

**ပျောက်ဆုံးကြောင်း**
ရွှေဇင်ဖြိုး(ဘ)ဦးခင်မောင်ဆွေ ၁၂/သကတ(နိုင်)၁၈၂၈၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၃၅၉၀၈

**ပျောက်ဆုံးကြောင်း**
ဝဏ္ဏသိင်္ဂီ(ဘ)ဦးဘိုအေး ၉/အမဇ(သီ) ၀၀၉၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၅၉၁၅၂

**ပျောက်ဆုံးကြောင်း**
မျိုးလှိုင်ဝင်း(ဘ)ဦးတင်ဆိုင် ၈/ခမန(နိုင်) ၂၂၀၇၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၂၅၆၁၄၄

**ပျောက်ဆုံးကြောင်း**
မြင့်ဇော်ဦး(ဘ)ဦးအာတာ ၈/တတက(နိုင်) ၁၅၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၇၀၂၃၇၇

**ပျောက်ဆုံးကြောင်း**
ကျင်းဇိုက်နမ်း(ဘ)ဦးပေါင်ခင်းဒို ၄/တတန(နိုင်)၀၉၀၃၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၆၇၂၁၄၉

**ပျောက်ဆုံးကြောင်း**
ခင်လေးသိမ့်(ဘ)ဦးလှကြည် ၁၄/ဒဒရ(နိုင်) ၁၉၇၀၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 823452)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

**ပျောက်ဆုံးကြောင်း**
အောင်ကိုဝင်း(ဘ)ဦးတင်အေး ၇/ရတန(နိုင်)၁၀၂၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၀၉၂၈၀

**ပျောက်ဆုံးကြောင်း**
နန့်ဖြူသဇင်(ဘ)ဦးမျိုးဆွေ ၁၄/ဝခမ(နိုင်) ၃၂၁၂၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၆၇၂၉၀၇

**ပျောက်ဆုံးကြောင်း**
ကျော်အေးမင်း(ဘ)ဦးပြုံး ၅/ကနန(နိုင်) ၀၅၁၈၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၃၃၆၅၄၅၇

**ပျောက်ဆုံးကြောင်း**
လုစိန်(ဘ)ဦးမောင်လှ ၁၂/ဒဂတ(နိုင်) ၁၂၃၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၁၁၉၈၀

SINCERE MYNAMAR TRAVELS & TOURS COMPANY LIMITED

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များဆန္ဒအလျောက်**
**ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁။ "SINCERE MYANMAR TRAVELS & TOURS COMPANY LIMITED." ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်(၂၉-၁၀-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ဦးဇင်ဝေ** | **SOE SOE WIN** |
| **B.Com(AA);C.P.A(210)** | **Director** |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **SINCERE MYANMAR TRAVELS & TOURS COMPANY LIMITED** |



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင် တို့မှ ထုတ်လုပ်သော
ကြို့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO PORTLAND CEMENT
PRODUCT OF MEC EXPORT QUALITY
DOUBLE ELEPHANT PORTLAND CEMENT
PRODUCT OF MYANMAR OPC-EN 197-1:2000 CEM-I 42.5N
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ PORTLAND CEMENT
BS 12 : 1996 , 42.5 N PRODUCT OF MYANMAR
ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀




အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001 BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com




ကြံတောင်သူစီးပွား၊ ပြည်တွင်းသကြား၊ ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်

❖ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုနိုင်သည့် အင်အားများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး MSME လုပ်ငန်းများဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၀ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့သို့ ဆက်သွယ်ထားသည့် ရောဝတီတံတား(ရတနာသိမ်)အား PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ရောဝတီတံတား (ရတနာသိမ်)အား တွေ့ရစဉ်။


နေပြည်တော် အောက်တိုဘာ ၂၉

PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများပျက်ပြားစေရန်ရည်ရွယ်၍ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိကြရာ ယနေ့တွင် ရွှေဘို-ကျောက်မြောင်း-စဉ့်ကူး-မန္တလေးသွား

စာမျက်နှာ ၂၇ ကော်လံ ၁ ■

# အထူးမိုးလေဝသ သတင်း အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၅ ရက်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာကွက်၍မိုးကြီးနိုင်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၉-၁၀-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃၁-၁၀-၂၀၂၅ ရက်နေ့မှ ၁-၁၁-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်

စာမျက်နှာ ၁၄ ကော်လံ ၃ ➪

## ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီနှင့် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များဖော်ပြပါရှိ

နေပြည်တော် အောက်တိုဘာ ၂၉

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီနှင့် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ(၁၂)တွင်ဖော်ပြပါရှိပါသည်။ မြဝတီ


အများပြည်သူလူထု ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အမှတ်(၁၄၁)အဆန်၊ (၁၄၂)အစုန် သာစည်-ရွှေညောင်လူစီးရထားအား တောင်ကြီးအထိပြေးဆွဲပေးမည်ဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း တောင်ကြီး-ပေါမူ-တောင်ကြီး Sight Seeing ရထားများ ပြန်လည်ပြေးဆွဲပေးမည် စာ - ၂၄ သို့

စက်သုံးဆီတင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် အဖွဲ့အစည်းများသို့ အသိပေးကြေညာချက် စာ - ၃ သို့

ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက် စာ - ၇ သို့

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်ကျင်းပ စာ - ၁၅ သို့



ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၀၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ပုသိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော် / တောင်ကြီး / မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင် / ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ / ပုဂံ (ညောင်ဦး) - ပခုက္ကူ / မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ / မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ / တောင်ငူ - ဆွာ - ရေနီ / ပုသိမ်

